၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group    Issue No.843, December 4, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@gmail.com , koko@gol.com

## ဆန်ရှင်ရုပ်စေချင်ရင် အစိုးရမှ ပြုပြင်စရာတွေ ပြုပြင်ဖို့ ဒေါ်အောင်ဆန်းစုကြည်ပြောဆို

**VOA၊ နိုဝင်ဘာ ၃၀။** ။ မြန်မာအစိုးရအနေနဲ့ အမေရိကန်ပြည်ထောင်စုကွန်ဂရက်စ်လွှတ်တော်ကချမှတ်ထားတဲ့ ဒဏ်ခတ်ပိတ်ဆို့ အရေးယူမှုတွေကို ရုပ်သိမ်းစေချင်တယ်ဆိုရင် ဒီလိုဒဏ်ခတ်မှုတွေဖြစ်စေတဲ့ အကြောင်းရင်းအချက်တွေကို မြန်မာအစိုးရဘက်က ပြုပြင်ဆောင်ရွက်ရမှာဖြစ်တယ်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ပြောလိုက်ပါတယ်။

မကြာသေးခင်က စတင်လုပ်ဆောင်လာတဲ့ မြန်မာနိုင်ငံတွင်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေဟာ အားတက်စရာဖြစ်တယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်ကပြောပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ရဲ့မြန်မာနိုင်ငံခရီးစဉ်ပထမနေ့မှာပဲ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တော်က နိုင်ငံခြားဆက်ဆံရေးကောင်စီမှာ မြန်မာ့နိုင်ငံ အရေးဆွေးနွေးခဲ့ကြတာမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ် အောင်ဆန်းစုကြည်က အင်တာနက်ကနေတဆင့် အခုလို ဆွေးနွေးပြောဆိုသွားတာပါ။

**ဒေါ်အောင်ဆန်းစုကြည် ။** ။ "တကယ်လို့ ပိတ်ဆို့ဒဏ်ခတ်အရေးယူမှုတွေ ရုပ်သိမ်းစေချင်တယ်ဆိုရင် မြန်မာအစိုးရဘက်က ဘာတွေလုပ်ပေးသင့်တယ်ဆိုတာကို အမေရိကန်အစိုးရဘက်က ရှင်းရှင်းလင်းလင်းပြောထားပြီးသားပါ။ ဒါနဲ့ပတ်သက်လို့ ကျမတို့ကလည်း သဘောတူပါတယ်။ ကျမတို့ အမြဲတမ်းပြောခဲ့တာရှိပါတယ်၊ ဒီဒဏ်ခတ်အရေးယူမှုတွေရုပ်သိမ်းစေချင်တယ်ဆိုရင်အကောင်းဆုံးကတော့အမေရိကန်ကွန်ဂရက်စ်က ဒီအရေးယူမှုတွေ ချမှတ်ချိန်မှာ ဘာကြောင့် ဒီလိုချမှတ်ရတယ်ဆိုတဲ့ အကြောင်းရင်းအချက်တွေရှိပါတယ်။ ဒါတွေကို မြန်မာအစိုးရဘက်က ပြုပြင်ဆောင်ရွက်ရမှာပါ။

ဥပမာ.. နိုင်ငံရေးကအကျဉ်းသားတွေ လွှတ်ပေးတာ၊ ဒီမိုကရေစီအင်အားစုတွေနဲ့ တွေ့ဆုံဆွေးနွေးတာနဲ့ ပဋိပက္ခဖြစ်ပွားရာ နေရာတွေကို လူသားချင်းစာနာမှုအကူအညီတွေ ပေးခွင့်ပြုတာစတဲ့အချက်တွေပါ။ ဒီအချက်တွေကို ဆောင်ရွက်ပေးမယ်ဆိုရင် ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုတွေ ပြန်လည်ရုပ်သိမ်းပေးဖို့ဆိုတာကလည်း ဖြစ်လာမှာ သေချာပါတယ်"

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် မြန်မာနိုင်ငံကိုလာရောက်တာဟာ ကောင်းတဲ့အရိပ်လက္ခဏာဖြစ်တယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်ကပြောပါတယ်။ မစ္စစ်ကလင်တန်ရဲ့ခရီးစဉ်ဟာ နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦး မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် လာရောက်ခြင်းပဲဖြစ်ပါတယ်။ ခုလို မြန်မာနိုင်ငံနဲ့ ပိုပြီးတော့ထိတွေ့ ဆက်ဆံလာတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ပြောင်းလဲလာတဲ့ မူဝါဒကို သူထောက်ခံတယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က ပြောသွားပါတယ်။

နှစ်ပေါင်းများစွာ စစ်အုပ်ချုပ်ရေးစနစ်ကနေ အခု မြန်မာနိုင်ငံဟာ ပြောင်းလဲဖို့ အဆင်သင့်ဖြစ်နေပြီလို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ အပြောင်းအလဲလုပ်မှုဖြစ်မယ်ဆိုတာကို အစိုးရအရာရှိတချို့က နားလည်သဘောပေါက်ကြတယ်လို့လည်း သူကဆိုပါတယ်။ ဒီလို အပြောင်းအလဲအတွက် ကြိုးပမ်းကြရာမှာ အပြန်အလှန်နားလည်စိတ်ထားဖို့ အရေးကြီးတဲ့အကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်ကပြောသွားခဲ့ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည် ။** ။ "ဒီ ဒီမိုကရေစီရေး လှုပ်ရှားမှုထဲမှာပါဝင်ပြီး နိုင်ငံရေးစလုပ်တဲ့အချိန်ကတည်းက ကျမတို့ရဲ့ကြိုးပမ်းမှုဟာ ဒီတိုင်းပြည် ပိုပြီးတော့ ငြိမ်းချမ်းဖို့၊ ပိုပြီးတော့ ညီညီညွတ်ညွတ်နဲ့ပျော်ပျော်ရွှင်ရွှင်ကောင်းကောင်းမွန်မွန် နေထိုင်နိုင်တဲ့အခြေအနေတစ်ခုဖြစ်ရမယ်ဆိုတဲ့ စိတ်ကူးနဲ့ ကျမ စပြီး ပါဝင်လှုပ်ရှားခဲ့တာပါ။ ဒေါ်သတွေ၊

စာမျက်နှာ ၃ သို့


| | | | | | |
|---|---|---|---|---|---|
| **နောက်လှည့်လို့မရတော့ ရှေ့ဆက်ရမှာဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြော** | **ဟီလာရီကလင်တန်ရဲ့ နေပြည်တော် သတင်းစာရှင်းလင်းပွဲပြောကြားချက်** | **မြန်မာနိုင်ငံမှာ ခိုင်မာတဲ့ အပြောင်းအလဲတွေ ဖြစ်ဖို့ အမေရိကန်လိုလား** | **ကချင်စစ်ပြေးဒုက္ခသည်များအား လူမှုရေးအဖွဲ့အစည်းများမှ အကူအညီပေး** | **ကမ္ဘာ့ထိပ်တန်းခေါင်းဆောင် အမျိုးသမီး နှစ်ဦး ညစာ အတူစား** | **ဝန်ကြီးကလင်တန် ခရီးစဉ်အတွက် လုံခြုံရေး ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၄** | **စာမျက်နှာ ၇** | **စာမျက်နှာ ၁၂** | **စာမျက်နှာ ၁၇** | **စာမျက်နှာ ၁၉** |

**VOB အာဘော်**

# ပြောင်းလဲရေးအတွက် အကောင်းဆုံးအချိန်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့်အတူ အဆင့်မြင့်ကိုယ်စားလှယ်များ မြန်မာနိုင်ငံကို လာရောက်ပြီး မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးအခြေအနေတွေကို လေ့လာကြည့်ရှုခဲ့သည်။ ယခုလိုအခြေအနေအချိန်အခါမျိုးတွင် သမတဦးသိန်းစိန်အနေဖြင့် ရသည့်အခွင့်အရေးကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုင်ပိုင်နိုင်နိုင်အသုံးချသင့်သည်ဟု ယူဆသည်။ အမေရိကန် မြန်မာဆက်ဆံရေး လမ်းပွင့်သွားသည့်အနေအထားဖြစ်သည်။

ဆယ်စုနှစ်ပေါင်းများစွာအတွင်း ယခုအချိန်သည် မြန်မာနိုင်ငံအပြောင်းအလဲလုပ်ဆောင်ရန် အခြေအနေ၊ အကောင်းဆုံးအချိန်ဖြစ်သည်ဟု ယုံကြည်သည်။ လူထုကြီးမှလည်း မျှော်လင့်ကြီးမားစွာဖြင့် အပြောင်းအလဲကို လိုလားနေကြသည်မှာ ပြောဖွယ်ရမရှိပါ။

အခုလူတဦး ချင်းလွတ်လပ်မှုပိုရလာမှု၊ ကြောင်းကျိုးဆင်ချင်တုံတရားနှင့် အဓိပ္ပါယ်ရှိသည့် စီးပွားရေးလူမှုရေးမူဝါဒတွေချမှတ်လာမှု၊ လူထုအခြေပြုလူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးလာရေး ကန့်သတ်ချက်တွေ လျော့ချလာမှုတွေသည် အများပြောသကဲ့သို့ မုံပြုပြုမှိတ်မှိတ်တုတ်တုတ်မီးရောင်ဟုဆိုပေမယ့် မြန်မာလူထုအတွက်ထူးခြားသည့်တိုးတက်ပြောင်းလဲမှုဟု ယူဆကြသည်။

လူထုဆန္ဒနှင့်အညီမြစ်ဆုံရေကာတာစီမံကိန်းကို သမတမှရပ်ဆိုင်းခဲ့ခြင်းသည် လူထု၏ကြီးမားသောအောင်မြင်မှုဟု ဆိုနိုင်ပါသည်။ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်မှလွှတ်ပေးလိုက်ပြီးနောက် ပါတီမှတ်ပုံတင်ခွင့်ပြုခြင်း၊ လာမည့်ကြားဖြတ်ရွေးကောင်ပွဲတွင် ပါဝင်ခွင့်ပြုခြင်း စသည့်တိုးတက်ပြောင်းလဲမှုများသည် မှိန်ပြပြအလင်းရောင်ဟု မယူဆစေလိုပါ။

သမတအနေဖြင့် အမေရိကန်အစိုးရမှ ဖြစ်စေချင်သည့်ကိစ္စများကို ဆောင်ရွက်ရန်အရေးကြီးပါသည်၊ နိုင်ငံရေးအကျဉ်းသားလွှတ်ရေးသည် ခက်ခဲသည့်ကိစ္စမဟုတ်ပေ၊ တိုင်းရင်းသားများနှင့် အပစ်အခတ်ရပ်စဲ၍ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရလည်းအရေးတကြီးလိုအပ်သည့်ကိစ္စဖြစ်ပါသည်။ အပြောင်းအလဲများကို အရှိမြှင့်လုပ်ဆောင်သွားရန်နှင့် မြောက်ကိုရီးယားနှင့် ဆက်သွယ်လုပ်ဆောင်နေသည့် နယူးကလီးယားအစီအစဉ်ကို လုံးဝရပ်ဆိုင်းပေးရန် အမေရိကန်မှ အမိက တောင်းဆိုထားပါသည်။

အမေရိကန်အနေဖြင့် ပိတ်ဆိုဒဏ်ခတ်ထားမှုများကို လျော့ချပေးနိုင်သည့်အပြောင်းအလဲကို သမတ ဦးသိန်းစိန်အစိုးရမှ အထူးအလေးထားလုပ်ဆောင်သင့်သည်။ ပိတ်ဆို့မှုများဖွင့်ပေးမည်ဆိုပါက အမေရိကန် စီးပွားရေးအကူအညီနှင့်အတူ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးမှုဘဏ်များလည်း လိုက်ပါလာမည်ဖြစ်ပါသည်။

တိုင်းပြည်တပြည်၏ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များကို လုပ်ဆောင်ရာတွင် အထက်ပါ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီသည် အမိကအရေးပါသည့်အခန်းကဏ္ဍဖြစ် သည်။ အားလုံးဝိုင်းဝန် ကူညီပံ့ပိုး ကြိုးစားလုပ်ဆောင်သွားပါက၊ သဘာဝ သယံဇာပေါကြွယ်ဝသည့် မြန်မာနိုင်ငံသည် အလျှင်အမြန်တိုးတက်ဖြစ်ထွန်းလာနိုင်မည်ဟု ယုံကြည်သည်။

# မြောက်ကိုရီးယားနဲ့နျူကလီးယားကိစ္စ ပြောဆိုဖို့ လွှတ်တော်အမတ်တိုက်တွန်း

**RFA၊ နိုဝင်ဘာ ၂၈ ။** ။ မြောက်ကိုရီးယားနဲ့ နျူကလီးယားစီမံကိန်းကိစ္စတွေကို မြန်မာအစိုးရက ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားရေးဟာ မြန်မာနဲ့အမေရိကန်ဆက်ဆံရေး ပိုကောင်းမွန်လာဖို့ လိုအပ်ချက်တစ်ခုအနေနဲ့ ထားသင့်တယ်လို့ အမေရိကန် အထက်လွှတ်တော်အမတ် Richard Lugar က မနေ့ကပြောလိုက်ပါတယ်။

အထက်လွှတ်တော်မှာသြဇာရှိတဲ့ နိုင်ငံရေးခြားရေးရာ ကော်မတီအဖွဲ့ဝင်ဖြစ်ပြီး ထိပ်တန်း ရီပါပလစ်ကန်အထက်လွှတ်တော်အမတ် Mr. Lugar က အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ရဲ့ မြန်မာခရီးစဉ်မတိုင်ခင် အခုလိုပြောလိုက်တာပါ။

မြန်မာ အမေရိကန်ဆက်ဆံရေး ပြန်လည်ကောင်းမွန်ဖို့အတွက် ဦးစားပေးရမယ့်အချက်တွေထဲမှာ မြန်မာနိုင်ငံက နျူကလီးယားစီမံ ကိန်း ဘယ်အဆင့်ရှိနေပြီး ဘယ်လိုရည်ရွယ်ချက်တွေရှိတယ်ဆိုတာ ၁ အပြည့်အစုံထုတ်ဖော်ပြသတာမျိုး ဖြစ်သင့်တယ်လို့ Mr. Lugar က ပြောပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲ လက္ခဏာရပ်တွေကိုစုံစမ်းလေ့လာတာဟာ အချိန်အခါသင့်လုပ်ရပ်ဖြစ်ပေမယ့် အခုလိုဆက်ဆံရေးပြန်ထူထောင်ဖို့စဉ်းစားချိန်မှာ နီးနီးကပ်ကပ်ရှိခဲ့တဲ့ မြောက်ကိုရီးယားနဲ့ မြန်မာအကြား ဆက်ဆံရေး၊ ၂ နိုင်ငံ စစ်တပ် ဆက်ဆံ ရေးတွေအကြောင်း အမေရိကန်ပြည်ထောင်စုအနေနဲ့ ထည့်သွင်းမေးမြန်းသင့်တယ်လို့ သူကပြောပါတယ်။

မြန်မာနိုင်ငံအစိုးရက ပြုပြင်ပြောင်းလဲရေး ကတိကဝတ် ပေးထားတာဟာ ဘယ်အတိုင်းအတာထိ ရိုးသားမှုရှိတယ်ဆိုတာကို လက်တွေ့လုပ်ဆောင်မှုတွေနဲ့သာ အဆုံးအဖြတ်ပေးသင့်တယ်လို့လည်း အထက်လွှတ်တော်အမတ် Mr. Lugar က ပြောကြားပါတယ်။

တစ်ချိန်တည်းမှာ အမေရိကန်အစိုးရ ဘာသာရေးလွတ်လပ်ခွင့်ကော်မရှင် USCIRF ကလည်း မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေကိုဖမ်းဆီးထောင်ချထားတာ၊ နိုင်ငံရေးအကျဉ်းသားတွေဆက်ပြီးဖမ်းဆီးထားတာ၊ တိုင်းရင်းသားတွေရဲ့ ဘာသာရေးယုံကြည်မှုကိုဖိနှိပ်တာတွေရှိနေဆဲဖြစ်တဲ့အတွက် မြန်မာနိုင်ငံကို စိုးရိမ်စရာ နိုင်ငံ အဖြစ်သတ်မှတ်ထားတာကို ဖယ်ရှားဖို့မသင့်ကြောင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရဲ့ မြန်မာနိုင်ငံခရီးစဉ်ဟာ အမေရိကန်အစိုးရရဲ့ ဘာသာရေးဆိုင်ရာစိုးရိမ်မှုတွေကို ဆွေးနွေးဖို့အခွင့်အခါ ဖြစ်မယ်လို့မျှော်လင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးထံ အိတ်ဖွင့်ပေးစာပေးပို့တိုက်တွန်းထားပါတယ်။

# နောက်လှည့်လို့မရတော့ ရှေ့ဆက်ရမှာဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြော

**RFA၊ ဒီဇင်ဘာ ၂။** ။ မိမိတို့နဲ့တကွ မြန်မာနိုင်ငံအစိုးရ၊ အမေရိကန်ပြည်ထောင်စုနဲ့ အပြည်ပြည်ဆိုင်ရာက မိတ်ဆွေနိုင်ငံတွေ အတူတကွ ပူးပေါင်းလုပ်ဆောင်ကြမယ်ဆိုရင် ဒီမိုကရေစီပန်းတိုင် ချီတက်ရာလမ်းကြောင်းဟာ နောက်ပြန်လှည့်လို့မရတော့ဘဲ ရှေ့ကို ဆက်လှမ်းရတော့မှာဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောလိုက်ပါတယ်။

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်နဲ့ တွေ့ဆုံအပြီး သတင်းထောက်များကို ရှင်းလင်းပြောကြားရာမှာ အခုလိုပြောတာပါ။ ဆက်လက်ပြီး ဒေါ်အောင်ဆန်းစုကြည်က "ဒါပေမယ့် ကျွန်မတို့ဟာ ဒီလမ်းကြောင်းပေါ်ကို မရောက်သေးပါဘူး။ ကျွန်မတို့ရဲ့မိတ်ဆွေများ အကူအညီတွေ၊ စာနာနားလည်မှုတွေနဲ့ ဒီလမ်းကြောင်းပေါ်ကို အမြန်ဆုံးရောက်ရှိနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်" လို့လည်းပြောဆိုပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကလည်း သတင်းထောက်များကိုပြောကြားရာမှာ မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေလုပ်ဆောင်လာတာနဲ့အမျှ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေအတွက် အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံနဲ့အတူတူ လက်တွဲလုပ်ဆောင်လိုပါကြောင်း၊ မြန်မာနိုင်ငံ ဒီမိုကရေစီအရေးအတွက်လုပ်ဖော်ကိုင်ဖက်တစ်ဦး ဖြစ်လိုပါကြောင်း ပြောဆိုသွားပါတယ်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ဟာ အာရှနဲ့အရှေ့ဖျားဆိုင်ရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Cambell၊ ဒီမိုကရေစီ လူ့အခွင့်အရေးနဲ့အလုပ်သမားရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Michael Posner၊ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Derek Mitchell နဲ့ အမေရိကန်သံရုံး ယာယီတာဝန်ခံသံမှူးတို့နဲ့ နံနက် ၉ နာရီမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ကို ရောက်ရှိလာပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဟံသာမြင့်လည်း တက်ရောက်ပါတယ်။ အသေးစိတ်ကိုတော့ နှစ်ဘက်လုံးက ထုတ်ပြန်ခြင်းမရှိပါဘူး။

နံနက် ၁၀ နာရီ မိနစ် ၂၀ မှာတော့ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ဟာ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အင်န်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နဲ့ရော၊ CRPP အဖွဲ့နဲ့ရော တွေ့ ဆုံပါတယ်။ အဲဒီတွေ့ဆုံပွဲမှာ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးရဲ့ ဆွေးနွေး ချက်နဲ့ပတ်သက်ပြီး ပြန်ကြားရေးတာဝန်ခံ ဦးအုံးကြိုင်က အခုလို ပြောပြပါတယ်။

"လွန်ခဲ့တဲ့လအနည်းငယ်က သမ္မတဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်း စုကြည်တို့ဆွေးနွေးပြီးတဲ့နောက်ပိုင်းမှာ မြန်မာ့နိုင်ငံရေးမှာ တိုးတက် မှုတချို့ ရရှိလာခဲ့တာမှန်ပါတယ်။ စစ်မှန်တဲ့ပြောင်းလဲမှုတွေဖြစ်နေပြီလို့ ပြောလို့ကတော့မရသေးပါဘူး။ ပြုပြင်ပြောင်းလဲမှုတွေအများအပြားတိုးမြှင့်လုပ်ဆောင်စရာတွေတော့ ရှိနေဆဲဖြစ်ပါတယ်။ နိုင်ငံတဝန်းလုံးမှာရှိတဲ့ အကျဉ်းထောင်အသီးသီးမှာ နိုင်ငံရေးအကျဉ်းသားပေါင်းများစွာ ကျန်ရှိနေဆဲဖြစ်ပါတယ်။

နေပြည်တော်မှာ ဒီကိစ္စကိုဝန်ကြီးကလင်တန်ဆွေးနွေးခဲ့ပြီးဖြစ်မယ်လို့လည်းယုံကြည်ပါတယ်။ တိုင်းရင်းသားများ မှီတင်းနေထိုင် ရာပြည်နယ်တချို့မှာ တောက်လောင်နေဆဲစစ်မီးကို အမြန်ဆုံးငြိမ်းသတ်နိုင်ရေးအတွက်ဆောင်ရွက်ပေးဖို့လိုအပ်နေပါပြီဆိုတဲ့အကြောင်းပါပဲ။ အဲဒီစစ်ကိုအကြောင်းပြုပြီး ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တို့မှာ လူ့အခွင့်အရေးချိုးဖောက်မှုများဆက်လက် ဖြစ်ပေါ်နေတယ်လို့ ကြားနေရလို့ များစွာစိတ်မချမ်းမြေ့ဖွယ်ရာဖြစ်ပါတယ်။

အပစ်အခတ် ရပ်စဲပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေစတင်ဖို့ အမေရိကန်အနေနဲ့ မြန်မာအစိုးရကို တိုက်တွန်းပေးစေလိုပါတယ်။ လက်ရှိမြန်မာအစိုးရအပေါ် အမေရိကန်အစိုးရအနေနဲ့ ချဉ်းကပ်ဆောင်ရွက်နေပုံကို နားလည်သဘောပေါက်ပြီး ထောက်ခံပါတယ်စသည်ဖြင့် ပြောပါတယ်။"

CRPP အတွင်းရေးမှူး ဦးအေးသာအောင်က တိုင်းရင်းသားများ အရေးနဲ့ပတ်သက်ပြီး ပင်လုံစာချုပ်အခြေခံတဲ့ ဖယ်ဒရယ် ပြည်ထောင်စု ဖြစ်မြောက်ရေးလိုအပ်ကြောင်း ဆွေးနွေးကြပြီး ဦးပုကျင့်ထန်နဲ့ ဦးနိုင်ငွေသိန်းတို့ကလည်း အလားတူ ဆွေးနွေးကြတယ်လို့သိရပါတယ်။ ဟီလာရီ ကလင်တန်ဟာ ဆွေးနွေးပွဲအပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ အတူ နေအိမ်ခြံဝင်းရှေ့မှာ သတင်းမီဒီယာက ပုဂ္ဂိုလ် ၁၅၀ ခန့်ကို ရှင်းလင်းပြောကြားပါတယ်။

သတင်းထောက်တစ်ဦးရဲ့အမေးကို ဖြေကြားရာမှာတော့ လုံလောက်တဲ့တိုးတက်မှု ရှိရင် ပိတ်ဆို့အရေးယူမှုတွေကို ရုပ်သိမ်းဖို့ စဉ်းစားမယ်ဖြစ်ကြောင်း ဟီလာရီ ကလင်တန်က ဖြေကြားခဲ့ပါတယ်။

---

**မျက်နှာဖုံးမှ**

လက်စားချေချင်တဲ့ အမုန်းတရားစိတ်တွေနဲ့ ဆောင်ရွက်လို့ကတော့ ဒီလိုငြိမ်းချမ်းတဲ့အခြေအနေတစ်ခုကို ရနိုင်မှာမဟုတ်ပါဘူး။

ဒါကြောင့် ဒေါသစိတ်တွေ အမုန်းတရားတွေ ရှေ့ထားဆောင်ရွက်ဖို့ ကျမတခါမှမတွေးခဲ့ပါဘူး။ တဘက်နဲ့တဘက် အပြန်အလှန်နားလည်မှု၊ ကိုယ်နဲ့သဘောထား မတူတဲ့သူတွေနဲ့ စေ့စပ်ညှိနှိုင်းဆောင်ရွက်နိုင်တဲ့ စွမ်းဆောင်နိုင်ရည်ရှိမှု၊ လိုအပ်ရင် သဘောထားကွဲလွဲပိုင်ခွင့်ရှိတဲ့အပေါ်မှာ သဘောတူလက်ခံဖို့၊ မတူကွဲပြားတဲ့ တွေးခေါ်မှု ပုံစံအမျိုးမျိုးကနေ ညီညွတ်မှုရှိအောင်လုပ်ကြရမှာပါ။"

နိုင်ငံတကာ ဆက်ဆံရေးကောင်စီက မြန်မာ့အရေးဆွေး နွေးပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ပြောသွားတာပါ။ မကြာခင်လပိုင်းတွေအတွင်း ကျင်းပနိုင်ဖွယ်ရှိတဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ သူ ပါဝင်ယှဉ်ပြိုင်သွားမယ့်အကြောင်းကိုလည်း ဒေါ်အောင်ဆန်းစုကြည်က ဒီ ဆွေးနွေးပွဲမှာပြောသွားခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီ နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ပြီး ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ မကြာသေးခင်ကပဲ ဆုံးဖြတ်ခဲ့တာပါ။

မြန်မာနိုင်ငံတွင်း နိုင်ငံရေးအကျဉ်းသားတွေ ဆက်လက် ထိန်းသိမ်းထားတာ၊တိုင်းရင်းသားဒေသတွေကထိုးစစ်ဆင်မှုတွေအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုတွေကြောင့် အမေရိကန်အပါအဝင် အင်အားကြီး အနောက်နိုင်ငံတွေက မြန်မာအစိုးရ အပေါ်စီးပွားရေးနဲ့သံတမန်ရေးအရ ပိတ်ဆို့ဒဏ်ခတ်မှုတွေချမှတ်ထားတာဖြစ်ပါတယ်။ခုချိန်မှာ အမေရိကန်ပြည်ထောင်စုနဲ့ဆက်ဆံရေးတိုးတက် လာတာနဲ့အမျှ ဒီအရေးယူဒဏ်ခတ်မှုတွေကို အမေရိကန်ဘက်က ရုပ်သိမ်းပေးဖို့ကို မြန်မာအစိုးရဘက်က မျှော်လင့်နေတာဖြစ်ပါတယ်။

# ဟီလာရီကလင်တန်ရဲ့ နေပြည်တော် သတင်းစာရှင်းလင်းပွဲပြောကြားချက်

**အင်တာနက်မှ ကူးယူဖော်ပြပါသည်**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် နိုဝင်ဘာလ ၃၀ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိခဲ့ပြီး ဒီဇင်ဘာလ ၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အပါအဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အစရှိသူများနှင့်တွေ့ဆုံခဲ့ပါသည်။ ထိုသို့ တွေ့ဆုံခဲ့ပြီး မွန်းလွဲသုံးနာရီကျော်တွင် ခေတ္တတည်းခိုရာ သင်္ဂဟဟိုတယ်၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ပါသည်။ သတင်းစာရှင်းလင်းပွဲ၌ ဟီလာရီကလင်တန်ပြောကြားခဲ့သော စကားရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"မြန်မာအစိုးရအနေနဲ့ ရွေးကောက်ပွဲဥပဒေတွေကို ပြန်လည်ရေးသားခဲ့တဲ့ အပြင်ဥပဒေတွေကိုလည်း ပြင်ဆင်ခဲ့ပါတယ်။ နိုင်ငံရေးအကျဉ်းသား ၂၀၀ကျော် လွှတ်ပေးခဲ့ပါတယ်။ ကျွန်မအနေနဲ့ ပြောခဲ့တာက အခုယူခဲ့တဲ့ ခြေလှမ်းတွေဟာ အစဉ်အလာမရှိခဲ့ပေမယ့် အစဖြစ်တဲ့အတွက် ကြိုဆိုပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးတာက အားရစရာဖြစ်ပေမဲ့လို့ ၁၀၀၀ ကျော် ကျန်ရှိနေပါသေးတယ်။ဒီကိစ္စကို ကျွန်မအနေနဲ့သီးခြားပြောခဲ့သလို လူသိရှင်ကြားပြောလိုတာကတော့ ဘယ်နိုင်ငံမှာမဆို ဘယ်သူကိုမှ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာစည်းရုံးခွင့် ယုံကြည်ချက်တွေကြောင့် အကျဉ်းချထားခြင်းမရှိခဲ့ပါဘူး။ ဒ့ါအပြင် ဒေါ်အောင်ဆန်းစုကြည်ဟာ အခုလွတ်လာပြီးတော့ နိုင်ငံရေးဖော်ဆောင်မှုမှာ ပါဝင်တာဟာ အားရစရာဖြစ်ပါတယ်။ ဒါပေမဲ့လို့လည်း နိုင်ငံရေးပါတီတွေ အားလုံးဟာ နိုင်ငံတစ် ဝှမ်းရုံးတွေကို ဖွင့်လှစ်ခွင့်ရပြီးတော့ လွတ်လပ်ပြီး တရားမျှတပြီး ယုံကြည်ကိုးစားမှုရှိတဲ့ ရွေးကောက်ပွဲတွေမှာ ပါဝင်ခွင့်ရရှိဖို့ လိုအပ်ပါတယ်။"

"နောက်တစ်ချက်ကတော့ တိုင်းရင်းသား ဒေသတွေမှာတင်းမာမှုတွေ လျော့ကျစေဖို့ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ အကြာရှည်ဆုံးဖြစ်တဲ့ ပဋိပက္ခတွေမှာ အကြမ်းဖက်မှုဖြစ်တဲ့အခါ ဝမ်းနည်းစရာကောင်းပါတယ်။ မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးစုတွေ များစွာရှိပြီးတော့ ကိုးကွယ်မှုဆိုင်ရာ ဘာသာရေးအမျိုးမျိုးလည်းရှိပါတယ်။"

"မြန်မာသမ္မတကို ကျွန်မတိုက်တွန်းခဲ့တာကတော့ လူ့အခွင့်အရေးစောင့်ကြည့်သူတွေကို လာရောက်တာကို ခွင့်ပြုဖို့ ဖြစ်ပါတယ်။ ဒီအချက်တွေဟာ တကယ်တန်းတော့ အကဲစမ်းမှုတွေ ဖြစ်ပါတယ်။ ပဋိပက္ခရဲ့ အခြေခံအကြောင်းတရားတွေကို ဖြေရှင်းဖို့ လိုအပ်ပါတယ်။ ဒါမှလည်း အားလုံးကို ငြိမ်းချမ်းရေးရရှိစေမှာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ဒီအချက်တွေအပြင် အခြားအကဲစမ်းမှုတွေကိုလည်းဆွေးနွေးဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အပစ်အခတ်ရပ်စဲရေး အကြောင်းတွေကို ဆွေးနွေးဖြစ်ခဲ့ပါတယ်။"

"အမေရိကန်နဲ့ ဆက်ဆံရေးပိုမိုကောင်းမွန်စေဖို့အတွက် အရေးကြီးတာကတော့ အစိုးရတစ်ရပ်လုံးဟာ နျူကလီးယားလက်နက် မပြန့်ပွားရေးနဲ့ ပတ်သက်လို့ နိုင်ငံတကာရဲ့ သဘောတူညီမှုတွေကို လိုက်နာစေဖို့ဖြစ်ပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ဆုံးဖြတ်ချက်ကို လေးစားလိုက်နာပြီးတော့ မြောက်ကိုရီးယားနဲ့ စစ်ရေးဆက်ဆံမှုဖြတ်တောက်ဖို့အတွက် မြန်မာနိုင်ငံရဲ့ သန္နိဋ္ဌာန်ခိုင်မာမှုကိုလည်းကျွန်မတို့ ကြိုဆိုပါတယ်။"

"ဒီတိုးတက်မှုတွေကို အခုထက်ပိုပြီး ကျယ်ပြန့်အောင် မြှင့်တင်ပြီးတော့ လုပ်ဆောင်သွားလိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်။ အမေရိကန်အစိုးရအနေနဲ့ အစိုးရအတွင်းနဲ့အစိုးရပြင်ပရှိ ခိုင်မာတဲ့ စစ်မှန်တဲ့ စေတနာရှိသူတွေကို ထောက်ခံပါတယ်။ မြန်မာနိုင်ငံက ခေါင်းဆောင်တွေရဲ့ ရွေးလမ်းမှားတွေကြောင့် လွန်ခဲ့တဲ့ အတိတ်မှာ မြန်မာနိုင်ငံဟာ ဆင်းရဲတဲ့ နိုင်ငံဖြစ်ခဲ့ပါတယ်။"

"အမေရိကန်အနေနဲ့ အခုလိုမျိုး တိုးတက်မှုတွေ မြင်လာတာကို အပြုသဘောဆောင် တုန့်ပြန့်ဖို့ရှိပါတယ်။ အဲဒီတုန့်ပြန်ဆောင်ရွက်မယ့်အရာတွေဟာ မဲခေါင်ဒေသအောက်ပိုင်းဖွံ့ဖြိုးတိုးတက်ရေဆောင်ရွက်မှုတွေ လေ့လာရာမှာ ပါဝင်နိုင်မှုနဲ့ကမ္ဘာ့ဘဏ်၊ ADB စရှိတဲ့ အဖွဲ့အစည်းတွေမြန်မာနိုင်ငံကိုလာရောက်လေ့လာနိုင်ဖို့တို့ဖြစ်ကြပါတယ်။ ဒါတွေအပြင် UNDP ရဲ့ အသေးစားငွေချေးလုပ်ငန်းတွေ၊ ပညာရေးကဏ္ဍတွေမှာ ကူညီနိုင်မယ့်ကိစ္စတွေကိုလည်း ဆွေးနွေးခဲ့ပါတယ်။"

"တစ်ချိန်က ဗီယက်နမ်နဲ့ ဆက်ဆံရေးမှာ ပျောက်ဆုံးနေတဲ့အမေရိကန် စစ်မှုထမ်းတွေကို ပြန်လည်ရှာဖွေရေးဟာ အကျိုးပြုခဲ့သလို မြန်မာနိုင်ငံမှာ ဒုတိယကမ္ဘာစစ်အတွင်းက Burma Road တည်ဆောက်စဉ်က ပျောက်ဆုံးခဲ့တဲ့ အမေရိကန်စစ်သားတွေပြန်လည် ရှာဖွေရေးမှာ ပူးပေါင်းဆောင်ရွက်ဖို့လည်း မြန်မာအစိုးရနဲ့သဘော တူညီမှုရရှိခဲ့ပါတယ်။ ဒါတွေဟာခြေလှမ်းတွေဖြစ်ပါတယ်။ ဒီအရှိန်အဟုန်ကိုဆက်လက် ထိန်းသိမ်းနိုင်ဖို့အတွက် ကျွန်မတို့ဘက်က လုပ်ဆောင်သွားမှာတွေရှိပါတယ်။ မြန်မာ-အမေရိကန် သံတမန်ရေးဆက်ဆံမှုတိုးတက်ဖို့နဲ့ သံအမတ်ချင်းဖလှယ်ဖို့လည်းပါဝင်ပါတယ်။ နိုင်ငံတကာက စိုးရိမ်မကင်းဖြစ်မှုတွေကို တင်ပြနိုင်ဖို့လည်း လမ်းကြောင်းတစ်ရပ်ချမှတ်ထားပါတယ်။ ဒါဟာ နှစ်နိုင်ငံအပြန်အလှန် ယုံကြည်ကိုးစားမှုရရှိဖို့အတွက် ဖြစ်ပါတယ်။"

"ဒီလိုလုပ်မှလည်း အာရှ-ပစိဖိတ်ဒေသမှာ အင်အားကြီးအဖြစ်ပါဝင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေကြားရာမှာ ဘယ်လိုထွက်လာမလဲဆိုတာတော့ မသိပါဘူး။ အပြုသဘောဆောင် ဖြေကြား မယ်ဆိုရင်တော့ မြန်မာနိုင်ငံအနေနဲ့ တိုးတက်လာမှာဖြစ်ပါတယ်။ ဒီလိုဆိုရင် ကျွန်မတို့အနေနဲ့လည်း အထောက် အကူပေးဖို့အဆင်သင့်ပါပဲ။"

"မြန်မာသမ္မတနဲ့တွေ့တုန်းက မိုးရွာတုန်းရေခံဆိုတဲ့ မြန်မာစကားပုံတစ်ခုကို သူပြောခဲ့ပါတယ်။ ကျွန်မတို့ အနေနဲ့မသိပါဘူး။ခေါင်းဆောင်တွေယူတဲ့ခြေလှမ်းတွေဟာ နောက်ပြန်ဆုတ်လို့မရတဲ့ခြေလှမ်းတွေလား၊ စီးပွားရေးကို ဖွင့်ပေးရင် အပြုသဘောဆောင်တဲ့ခြေလှမ်းတွေလား။ ဒီမေးခွန်းတွေဟာ ကျွန်မဖြေဖို့ မဟုတ်ပါဘူး။ ဒီမေးခွန်းတွေကို ဖြေရမယ့်သူတွေက နိုင်ငံသားတွေဖြစ်ပါတယ်။ အထူးသဖြင့် ခေါင်းဆောင်တွေ ဖြစ်ပါတယ်။"

"မြန်မာခေါင်းဆောင်တွေရဲ့ခြေလှမ်းဟာ သန်းပေါင်း ၆၀ ရှိတဲ့ မြန်မာနိုင်ငံသားတွေ လွတ်လပ်မှု ဂုဏ်သိက္ခာနဲ့နေထိုင်ကြဖို့အခွင့် အလမ်းဖြစ်ပါတယ်။ သမ္မတအိုဘားမားက မြန်မာနိုင်ငံမှာ မိုန်ပျပျတိုးတက်

မှုတွေ တွေ့ရှိရပြီလို့ ပြောခဲ့ပါတယ်။ သမိုင်းကြောင်းအရတော့ မိုန်ပျပျ အလင်းရောင်တွေဟာ ပျောက်ကွယ်သွားနိုင်ပါတယ်။ ဒီမိုန်ပျပျအလင်း ရောင်တွေဟာ လွတ်လပ်မှုအတွက် ထတောက်နိုင်ဖို့နဲ့ အနာဂတ် ကောင်းစားရေးအတွက်ဆိုတာ ခေါင်းဆောင်တွေအပေါ်မှာ မူတည်တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ တစ်ကြိမ်တစ်ခါ လာရောက်တဲ့ခရီးစဉ် အပေါ် အခြေခံပြီးတော့ နှစ်နိုင်ငံဆက်ဆံရေး မဟာမိတ်ထားရှိဖို့ ဖြစ်ပါတယ်။ မြန်မာသမ္မတကို စောစောက ပြောခဲ့တဲ့အတိုင်းပါပဲ။ အမေရိကန်အနေနဲ့ ပြုပြင်ပြောင်းလဲရေး ခြေလှမ်းနှင့်အတူ ကူညီဆောင်ရွက်ဖို့အသင့် ရှိပါတယ်။"

"သမ္မတနဲ့နိုင်ငံရေးအကျဉ်းသားလွှတ်ဖို့ကိစ္စနဲ့ စီးပွားရေးပိတ်ဆို့ အရေးယူမှု ကိစ္စနှစ်ရပ်လုံးကို ကျွန်မတို့ဆွေးနွေးခဲ့ကြပါတယ်။ ဒါဟာ ကျွန်မတို့ရဲ့ဆွေးနွေးမှုမှာ အရေးကြီးတဲ့အချက်တွေဖြစ်ပါတယ်။"

"ကျွန်မတို့အနေနဲ့နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးဖို့ကို တောင်းဆိုပါတယ်။ ဘယ်နိုင်ငံမှာမဆို နိုင်ငံရေးအကျဉ်းသားတစ်ဦး တစ်ယောက်တည်းရှိတာတောင် လွန်လွန်းလှပြီလို့ကျွန်မတို့ယူဆပါ တယ်။ မြန်မာနိုင်ငံမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူတွေ ရှိတာတွေ့ရပါတယ်။ နိုင်ငံရေးအကျဉ်းသားနှစ်ရာကို အောက်တိုဘာ ထဲမှာ လွှတ်ပေးခဲ့တာကို ကျွန်မတို့ကြိုဆိုပါတယ်။ နိုင်ငံရေးအကျဉ်း အားလုံးလွှတ်ပေးဖို့ကိုကျွန်မတို့ထပ်လောင်းတောင်းဆိုပါတယ်။ကျွန်မ တို့အနေနဲ့ တစ်ချို့ခြေလှမ်းတွေကို ယူနိုင်ဖို့ရာ ဒီဟာကိုလုပ်ဆောင် ဖို့အရေးကြီးပါတယ်။"

"နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးရေးဟာ မြန်မာအစိုးရရဲ့ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးဖော်ဆောင်မှု၊အမျိုးသားပြန်လည်ရင်ကြား စေ့ရေးမှာ အရေးကြီးတဲ့ ခြေလှမ်းတွေ ဖြစ်ပါတယ်။ ဒီဖော်ဆောင် မှုဟာ ခက်ခဲတယ်ဆိုတာကို ကျွန်မတို့ နားလည်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ သမ္မတမှာ လုပ်ပိုင်ခွင့်ရှိတယ်ဆိုတာကို နားလည်ပါတယ်။ ဒါကိုကျွန်မတို့ဒီနေ့ဆွေးနွေးရာမှာလည်းလွှတ်တော်ဥက္ကဋ္ဌတွေနဲ့အပြင် သမ္မတနဲ့လည်း ဆွေးနွေးခဲ့ပါတယ်။ အခုလိုအကျဉ်းသားတွေ လွှတ် ပေးရေးကိုလည်း မကြာမီအနာဂတ်အတွင်းမှာ ဖော်ဆောင်ပေးနိုင်လိမ့် မယ်လို့ ကျွန်မတို့မျှော်လင့်ပါတယ်။"

"ကျွန်မအနေနဲ့ တရားဝင်ပြောကြား လိုတာကတော့ ဒီနေ့ ကျွန်မလာရောက်တဲ့ ခရီးစဉ်ဟာ နှစ်နှစ် တာကာလအတွင်း ကျွန်မတို့ လုပ်ဆောင်ချက်တွေကို ပြန်ပြောင်းတာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ကိုယ်စားလှယ်အဖွဲ့တွေ မြန်မာနိုင်ငံကို သွားရောက်တာ အနည်းဆုံး အကြိမ်နှစ်ဆယ်ရှိပါတယ်။ သူတို့တွေရဲ့ ကြိုးပမ်းမှုလည်း ပါပါတယ်။ ကျွန်မတို့အနေနဲ့ ၂၀၀၉ ခုနှစ်က မြန်မာနိုင်ငံအပေါ် ထားရှိတဲ့မူဝါဒကို ပြန်လည်သုံးသပ်ခဲ့ပါတယ်။ ကျွန်မတို့အနေနဲ့ အပြောင်းအလဲကိုမြင် လိုပါတယ်။ အထူးသဖြင့် လူထုအားလုံးအတွက်ဖြစ်ပါတယ်။ ဒီလမ်း ကြောင်းကို ရောက်ရှိဖို့အတွက် ကျွန်မတို့ကြိုးပမ်းနေပါတယ်။ နောက် ဆုံးဒီဆုံးဖြတ်ချက်ရရှိတဲ့အထိ ရောက်အောင်လည်း ကျွန်မတို့ ကြိုးပမ်း သွားမှာဖြစ်ပါတယ်။"

"မြန်မာသမ္မတနဲ့ဆွေးနွေးခဲ့ရာမှာ ပြီးခဲ့တဲ့ ခြေလှမ်းတွေကိုဆွေး နွေးခဲ့ပါတယ်။ ဒီခြေလှမ်းတွေဟာ စစ်မှန်ဖို့အရေးကြီးပါတယ်။ ဒ့ါအပြင် ကျွန်မတို့အနေနဲ့ တိုင်းရင်းသား လူနည်းစုတွေ၊ နိုင်ငံရဲ့အတိုက်အခံ အုပ်စုတွေနဲ့ ဆွေးနွေးပြီးတော့ အားလုံးအာမခံချက်ရရှိဖို့ကို ကျွန်မတို့ ကြိုးစားမှာဖြစ်ပါတယ်။"

"ကျွန်မတို့အနေနဲ့ အရေးယူပိတ်ဆို့မှုတွေကို ရုပ်သိမ်းပေးဖို့ အဆင်သင့် မဖြစ်သေးပါဘူး။ လက်ရှိကျင့်သုံးနေတဲ့မူဝါဒကို ပြုပြင် ပြောင်းလဲဖို့က လေ့လာရဦးမှာဖြစ်ပါတယ်။ ဒါပေမဲ့လို့အစိုးရရဲ့ခြေလှမ်း တွေကို သေချာစွာလေ့လာပြီးတော့ ကျွန်မအနေနဲ့တုန့်ပြန်မှာဖြစ်ပါ တယ်။ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွေကိုကြည့်ပြီးတော့ စီးပွားရေးပိတ် ဆို့မှုတွေကို စဉ်းစားပေးမှာဖြစ်ပါတယ်။ ဒါဟာ အပြောပဲမဟုတ်ဘဲနဲ့ လက်တွေ့ဖော်ဆောင်ဖို့ဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲမှုတွေကို အကဲ ဖြတ်လေ့လာပြီးတော့ ကျွန်မတို့အနေနဲ့ ဘက်စုံကနေပြီးတော့ ကြိုးပမ်း ပြီးတော့ ဒီပြုပြင်ပြောင်းလဲမှုများကို လေ့လာမှာဖြစ်ပါတယ်။"

"ကျွန်မတို့ အစိုးရသစ်နဲ့ ဆွေးနွေးညှိနှိုင်းမှု တစ်လျှောက်လုံး အပြုသဘောဆောင်တဲ့ အပြောင်းအလဲတွေမြင်ဖို့ပါ။ ဆယ်စုနှစ်တစ်ခု ကြာလောက်ကစပြီး နိုင်ငံရေး ကုလားဖန်ထိုးသူတွေရဲ့ ပုံဖော်မှုကြောင့် အမေရိကန်နဲ့ တရုတ်နိုင်ငံရဲ့ ဝမ်းနည်းစရာ ကောင်းလှတဲ့ ဆက်ဆံရေး သမိုင်းကိုလည်းနိုင်ငံတကာကများစွာစိတ်ဝင်စားစေခဲ့တယ်။ဒါပေမယ့် အခုအချိန်မှာတော့ အပြောင်းအလဲတွေ ဖြစ်နေခဲ့ပြီးဖြစ်သလိုပြောင်း လဲမှုတွေ ဖြစ်နေတယ်လို့လဲ ပြောလို့ရတယ်။ ကျွန်မတို့ဟာ နိုင်ငံတိုင်း ကို ပဋိပက္ခတွေကိုသာ ဖြစ်ပွားစေတဲ့နိုင်ငံတော့ မဟုတ်ပါဘူး။ထောက် ပံ့မှုကိုသာပေးရုံသက်သက်ပါ။ အမြဲတမ်းလိုလို တရုတ်နဲ့ အာရှပစိဖိတ် ဒေသအရေး ဆွေးနွေးတိုင်းလည်း မြန်မာ့အရေးကို အမြဲပါဝင် ထည့် သွင်း ပြောကြားမြဲပါ။ အခုအစိုးရသစ်နဲ့ သီခြားတွေ့ဆုံဆွေးနွေးတဲ့ခါမှာ လည်း မြန်မာ့အရေးကို အပြုသဘောဆောင်တဲ့ ဆက်ဆံရေးနဲ့ တည် ဆောက်နေကြတဲ့ တရုတ်အပါအဝင် အခြားအိမ်နီးချင်းနိုင်ငံတွေက စိတ် ဝင်စားတယ်ဆိုတာ အများကြီးကို ကြိုဆိုပါတယ်။ ကျွန်မတို့စဉ်စား တယ်။ တရုတ်နိုင်ငံက စိတ်ဝင်စားရင် ကျန်တဲ့ နိုင်ငံတွေလည်းစိတ်ဝင် စားမှာပဲ။ ကျွန်မထင်ပါတယ်။ တစ်ဦးတည်းနဲ့ သူငယ်ချင်း ဖြစ်တာထက် သူငယ်ချင်း မိတ်ဆွေအများကြီးရှိနေတဲ့အခါ ဘယ်လိုပဲ ယှဉ်ပြိုင်မှုတွေ ရှိနေပါစေ အကျိုးဖြစ်ထွန်းတာ ဒီနိုင်ငံပါပဲလို့ မြင်ပါတယ်။"

"ဒီနေ့လို အစိုးရသစ်နဲ့ ပထမဆုံးအကြိမ်တွေ့ဆုံမှုအရ ကောင်း မွန်တဲ့ အခွင့်အရေးတွေရှိနေပြီ ဆိုတာတွေ့ခဲ့တယ်။ ပြီးတော့ နိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုတွေအတွက် လိုအပ်တဲ့အဆင့်တွေကို ဆောင်ရွက်နိုင်ဖို့ အမေရိကန်နိုင်ငံကိုယ်စား ကျွန်မက မျှော်လင့်ပါတယ်။ ဒီမှာထပ် ပြီး ဖြေရှင်းရမယ့် အဆင့်တွေဖြစ်တဲ့ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရေး ကိစ္စ၊နိုင်ငံရေးအကျဉ်းသားထောင်ကျော် ကျန်ရှိနေသေးတဲ့ကိစ္စ၊တိုင်း ရင်းသားအရေးနဲ့အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိစ္စတွေမှာဘယ် လောက်အထိဖြစ်လာမလဲဆိုတာကျွန်မတို့မျှော်လင့်ထားပါတယ်။"

---

**အချုပ်အချာ အာဏာကို**
**ပြည်သူသာ ပိုင်ရမည်**

# သတင်းကန့်လွတ်လပ်ခွင့် ကန့်သတ်ထားဆဲ

RFA **အသံလွှင့်ဆောင်းပါ**

မြန်မာနိုင်ငံမှာ သတင်းမီဒီယာ လွတ်လပ်ခွင့်နဲ့ပတ်သက်ပြီး အတော်ပြောင်းလဲနေတာတွေ့ရပါတယ်။ မြန်မာအစိုးရဟာ မကြာခင်ပြဋ္ဌာန်းမယ့် မီဒီယာဥပဒေမူကြမ်းတရပ်လည်းရေးဆွဲနေတယ်လို့ သိရပါတယ်။ စာပေစိစစ်ရေးအဖွဲ့အကြီးအကဲ ဦးတင့်ဆွေကတော့ စာပေစိစစ်ရေး လုံးဝမရှိတော့တဲ့အကြောင်းလည်း ပြောဆိုခဲ့တာရှိပါတယ်။ ဒါပေမယ့် မီဒီယာလွတ်လပ်ခွင့်နဲ့ပတ်သက်ပြီး အဓိက အတားအဆီးက ပြန်ကြားရေးဝန်ကြီးဦးကျော်ဆန်း ဖြစ်ကြောင်း ဆောင်းပါးရှင် Larry Jagan က သုံးသပ်တင်ပြထားတာကို ဖော်ပြပေးလိုက်ပါတယ်။

မြန်မာနိုင်ငံမှာ သတင်းမီဒီယာလွတ်လပ်ခွင့်နဲ့ ပတ်သက်ပြီး စိတ်ဝင်စားစရာ အကောင်းဆုံးအခြေအနေကို ရောက်ရှိနေပါပြီ။ စာပေစိစစ်ရေးအဖွဲ့က ထိန်းချုပ်မှုတွေအတော်များများ လျော့ချပေးလာတာတွေ့နေရပါတယ်။

ဒီသတင်းပတ်အတွင်းမှာလာရောက်မယ့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်ရဲ့ မြန်မာနိုင်ငံခရီးစဉ်အတွင်း နိုင်ငံတကာသတင်းထောက် အတော်များများလည်း လာရောက်ဖို့ရှိနေပါတယ်။ တချိန်တည်းမှာလည်း မီဒီယာဥပဒေမူကြမ်းတခု ရေးစွဲပြီးနေပြီလို့ ကြားသိရပါတယ်။

ဒီဥပဒေမူကြမ်းအပေါ်ဆွေးနွေးနိုင်ဖို့ အစိုးရပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဖို့ကြိုးပမ်းနေတယ်လို့လည်း ကြားသိရပါတယ်။ တကယ်လို့ အခုအသစ်ပြဋ္ဌာန်းမယ့် မီဒီယာဥပဒေနဲ့ပတ်သက်ပြီး အကြံဉာဏ်ရယူလိုတယ်ဆိုရင် ပြည်တွင်း ပြည်ပ မီဒီယာသမားတွေ ထံကလည်း အကြံဉာဏ်ရယူတာမျိုး ရှိသင့်ပါတယ်။

မီဒီယာနဲ့ပတ်သက်ပြီး ဝန်ကြီးဦးကျော်ဆန်းဟာ သဘောထားတင်းမာသူလို့ ယူဆခံထားရသူဖြစ်တဲ့အတွက် ဒီကိစ္စဟာ မီဒီယာလွတ်လပ်ခွင့်အတွက် ထင်ရှားတဲ့ အချိုးအကွေ့တခုဖြစ်ပါတယ်။ ဒါပေမယ့် ဝန်ကြီးဦးကျော်ဆန်းဟာ သတင်းမီဒီယာလွတ်လပ်ခွင့်နဲ့ပတ်သက်ပြီး ထိန်းချုပ်ထားလိုသူဖြစ်တဲ့အတွက် သူပြန်ကြားဝန်ကြီးအဖြစ်ဆက်လက်တာဝန်ယူနေသ၍ မြန်မာနိုင်ငံရဲ့ သတင်းမီဒီယာလွတ်လပ်ခွင့်ဟာ မရေရာမှုတွေက များနေအုန်းမှာဖြစ်ပါတယ်။

စာပေစိစစ်ရေးအကြီးအကဲဖြစ်တဲ့ ဦးတင့်ဆွေက စာပေစိစစ်ရေးဌာန လုံးဝမရှိသင့်တော့ကြောင်း ပြောဆိုခဲ့တဲ့အချိန်မှာဘဲ ဦးကျော်ဆန်းကတော့ အဲဒီလောက် လွတ်လပ်ခွင့်မျိုးကို ခွင့်ပြုဖို့ စိုးရိမ်နေဆဲဖြစ်ပါတယ်။

အထူးသဖြင့် မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး နှစ်ပေါင်းများစွာ ရေးသားတင်ပြနေတဲ့ မိမိတို့လိုသတင်းထောက်မျိုးတွေကို မြန်မာနိုင်ငံထဲဝင်ခွင့်ပြုဖို့အတွက် ဦးကျော်ဆန်းက ခွင့်ပြုလိုစိတ်မရှိသေးပါဘူး။ မိမိတို့လိုသတင်းထောက်မျိုးတွေဟာ တိကျမှန်ကန်ပြီး မျှတတဲ့သတင်းပေးပို့ချက်တွေကို ရေးသားနေတာဖြစ်တဲ့အတွက် ဒီအချက်ဟာ လက်ရှိမြန်မာအစိုးရခေါင်းဆောင်များအတွက်တော့ အဆိပ်ရှိတဲ့ သတင်းသမားတွေလို ဖြစ်နေနိုင်ပါတယ်။

ဒါကိုလည်း လက်ရှိပြန်ကြားရေးဝန်ကြီးဦးကျော်ဆန်း ခံစားနိုင်ဟန်မတူပါဘူး။ ဒီအချက်ကိုပေါ်လွင်စေတာက ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းက လွှတ်တော်တွင်းမေးခွန်းတခုကို ဦးကျော်ဆန်း ပြန်လည်ဖြေဆိုရာမှာ မီဒီယာလွတ်လပ်ခွင့် ပေးလိုက်ခြင်းအားဖြင့် အကျိုးနဲ့အဆိုးမှာ အဆိုးကပိုများနိုင်တယ်လို့ သူကပြောဆိုပါတယ်။

မြန်မာမီဒီယာသတင်းစာသမားတွေဘဲဖြစ်ဖြစ် နိုင်ငံတကာသတင်းမီဒီယာသမားတွေဘဲဖြစ်ဖြစ် ဦးကျော်ဆန်းရဲ့ပြောကြားချက်နဲ့ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ တကယ်တော့ မီဒီယာသမားတွေဆိုတာကုလသမဂ္ဂကပြဋ္ဌာန်းထားတဲ့ မီဒီယာလွတ်လပ်ခွင့်အခွင့်အရေးနဲ့ တာဝန်ယူမှုကျင့်ဝတ်တွေကို ကိုင်ဆွဲထားကြသူတွေဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မီဒီယာလွတ်လပ်ခွင့် တစုံတရာရှိနေပြီလို့ ပြောဆိုလို့ရပေမယ့် ဦးကျော်ဆန်းရဲ့ဆင်ဆာကတော့ ရှိနေဆဲပါဘဲ။ သူမကြိုက်နှစ်သက်တဲ့ဆောင်းပါး၊ သတင်းခေါင်းစဉ်၊ ဓာတ်ပုံ စတာတွေကို ဖြတ်တော်နေဆဲဖြစ်ပါတယ်။

ဒါကလည်း အမြဲတမ်းတော့ တသမတ်တည်းမဟုတ်ပါဘူး၊ အခုနောက်ပိုင်းမှာ တွေ့မြင်နေရတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ဂျာနယ်တွေ တွေ့ဆုံမေးမြန်းခန်း၊ ဓာတ်ပုံ စတာတွေ လွတ်လပ်စွာဖော်ပြခွင့်ရလာပြီဆိုတာကတော့ သေချာနေပါတယ်။ ဒီလိုအခွင့်အရေးမျိုးဟာ ပြီးခဲ့တဲ့နှစ် ရွေးကောက်ပွဲမတိုင်ခင်က လုံးဝမရှိခဲ့တဲ့ အခွင့်အရေးမျိုးပါ၊ တချိန်တည်းမှာလည်း ပြည်တွင်းဂျာနယ်တွေမှာ အဂတိလိုက်စားမှုနဲ့ပတ်သက်တာတွေ ဖော်ပြခွင့်ရလာနေပြီဖြစ်တဲ့အတွက် မြန်မာမီဒီယာတွေမှာ လွတ်လပ်ခွင့် တစုံတရာတွေ့မြင်နေရပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု စာမျက်နှာအသစ်တခုကို ချဉ်းကပ်လာနေတာနဲ့အမျှ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍဟာလည်း အလွန်အရေးကြီးလာပါတယ်။ လွတ်လပ်တဲ့သတင်းမီဒီယာတွေ ရပ်တည်ခွင့်ရှိခြင်း မရှိခြင်းဟာ အစိုးရရဲ့အပြောင်းအလဲ လုပ်ငန်းစဉ်တွေ အစစ်အမှန် ဟုတ်မဟုတ် စမ်းသပ်နေတာဖြစ်သလို မှတ်ကျောက်တင်နေတာနဲ့ အတူတူပါဘဲ။

တကယ်တော့ မိမိတို့လိုသတင်းသမားတွေကို မြန်မာနိုင်ငံထဲမှာ လွတ်လပ်စွာသတင်းယူခွင့် မပေးသေးသ၍ အပြောင်းအလဲဆိုတာတွေဟာ အဓိပ္ပါယ်မဲ့နေအုန်းမှာဖြစ်ပါတယ်။ သတင်းဌာနတွေဆိုတာ ကောင်းရင် ကောင်းတယ်၊ ဆိုးရင် ဆိုးတယ်ဆိုတဲ့အချက်ကို ထုတ်ဖော်ရေးသားရပေမယ့် အစိုးရတရပ်ကိုတော့ မြှောက်ပင့်ပြောဆိုဖို့ မလိုအပ်ပါဘူး။

အစိုးရတရပ်ကို တာဝန်ခံမှု ပွင့်လင်းမြင်သာမှုရှိလာအောင်သာ ကြိုးစားရတာသာဖြစ်ပါတယ်။ အခုအထိ မိမိလျှောက်ထားတဲ့ ပြည်ဝင်ခွင့်ဗီဇာဟာ နှစ်လကျော်နေပြီဖြစ်ပါတယ်။ မိမိရဲ့ မြန်မာပြည်ဝင်ခွင့်ဗီဇာလျှောက်လွှာဟာ ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းရုံးမှာဘဲ တောင်တင်နေသလားဆိုတာ စဉ်းစားစရာပါ။

မိမိရဲ့မိတ်ဆွေ သံတမန်တွေနဲ့ သတင်းသမားတွေကြားထဲ ပြောဆိုချက်တခုရှိတာက မြန်မာနိုင်ငံမှာ လွတ်လပ်စွာသတင်းယူဖို့အတွက် မိမိတို့လို မီဒီယာသမားအားလုံးကို ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးမှသာ မြန်မာနိုင်ငံက အပြောင်းအလဲတွေဟာ အမှန်တကယ်လို့ ယူဆရမှာဖြစ်ပါတယ်ခင်ဗျာ။

# မြန်မာနိုင်ငံမှာ ခိုင်မာတဲ့ အပြောင်းအလဲတွေ ဖြစ်ဖို့ အမေရိကန်လိုလား

**VOA ၊ ဒီဇင်ဘာ ၂ ။** ။ မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုတွေ မြင်နေရပေမဲ့လည်း ပြီးခဲ့တဲ့သင်ခန်းစာအရ အချိန်မရွေး နောက်ပြန်လှည့်သွားနိုင်တာမျိုးကို သတိထားနေရတယ်လို့မြန်မာနိုင်ငံကိုသွားရောက်ခဲ့တဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောပါတယ်။ ဒါကြောင့် ရလဒ်ကောင်း ထွက်မယ့်အပြောင်းအလဲတွေ ခိုင်ခိုင်မာမာရှိနေဖို့နဲ့ ဒီလို ပြောင်းလဲမယ်ဆိုရင်အမေရိကန် ဘက်ကလည်း ပူးပေါင်းကူညီသွားဖို့ ပြင်ဆင်ပြီးသားဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးကလင်တန်က ပြောပါတယ်။ မနေ့က ရန်ကုန် အမေရိကန်သံရုံး သတင်းစာရှင်းလင်းပွဲအတွင်း အခုလိုပြောဆိုသွားတာတွေနဲ့ပတ်သက်လို့ကိုသားညွန့်ဦးက အစီရင်ခံထားပါတယ်။

နှစ် ၅၀ ကျော်အတွင်း ပထမဆုံးရောက်လာတဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအနေနဲ့ အခုလို လာရောက်တာဟာ အမေရိကန်ပြည်ထောင်စုအနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ကြိုဆိုတယ်ဆိုတဲ့အချက်နဲ့ ဒါတွေဟာ တကယ်ပဲ အလားအလာကောင်းတွေကို ဦးတည်နေပြီလား ရလဒ်ကောင်းတွေ ထွက်နိုင်မလား ဆိုတာကိုလည်း စမ်းသပ်လေ့လာကြည့်ဖို့ဖြစ်တယ်လို့ ရန်ကုန်မြို့မှာ မနေ့ကလုပ်တဲ့ သတင်းစာရှင်းလင်းပွဲအတွင်း ပြောခဲ့ပါတယ်။ အထူးသဖြင့်တော့ ခိုင်ခိုင်မာမာ ရှိတဲ့ ပြောင်းလဲမှုတွေ မြင်ချင်တယ်ဆိုတာကို အစိုးရအာဏာပိုင်တွေနဲ့တွေ့စဉ်မှာ အသေအချာ ရှင်းရှင်းလင်းလင်း ပြောခဲ့တယ်လို့နိုင်ငံခြားရေးဝန်ကြီးက ပြောပါတယ်။ လက်ရှိအနေအထားမှာတော့ပြောင်းလဲမှုတွေကိုကြိုဆိုတယ်၊ ဒါပေမဲ့ သတိထားပြီး စောင့်ကြည့်နေတယ်လို့ ဝန်ကြီးကလင်တန်က သတင်းထောက်တွေကို ပြောသွားပါတယ်။

"ပြုပြင်ပြောင်းလဲမှုတွေကို အခုလိုပဲ အရှိန်ကောင်းကောင်းနဲ့ ဆက်လုပ်နေမယ်ဆိုရင်တော့ကျမတို့ဘက်လည်းနောက်ထပ်ခြေလှမ်းတွေလှမ်းဖို့ ပြင်ထားပါပြီ။ ဒါပေမဲ့လည်း ပြီးခဲ့တဲ့သမိုင်းကြောင်းအရ သတိထားစရာတွေရှိနေပါတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာပဲအခြေအနေတွေ ဆိုးဆိုးရွားရွား နောက်ပြန်လှည့်သွားတာတွေ၊ အလွန်အမင်းစိတ်ပျက်စရာကောင်းတဲ့ အခြေအနေတွေရှိခဲ့တာပါ။ ဒါကြောင့် မြန်မာပြည်မှာ ဒီမိုကရေစီဖြစ်ထွန်းရေးနဲ့ စီးပွားရေး လွတ်လပ်ခွင့်တွေအတွက် တကယ့်ကိုစစ်စစ်မှန်မှန် ရလဒ်ကောင်းတွေ ဖြစ်စေမယ့် ပြုပြင်ပြောင်းလဲမှုတွေ ခိုင်ခိုင်မာမာရှိစေချင်ပါတယ်။ ဒီလို အလားအလာကောင်းတဲ့ လမ်းကြောင်းအတိုင်း ဆက်သွားနေမယ်ဆိုရင်တော့ ဒီအတိုင်းပဲ အမေရိကန်ပြည်ထောင်စုကလည်း အတူတွဲလျှောက်သွားဖို့ ပြင်ဆင်ထားတယ်ဆိုတာကို ထပ်ပြောလိုက်ပါရစေ။"

တချိန်တည်းမှာလည်း မြန်မာ့လွတ်လပ်ရေးပြီးကတည်းက ဆုံးရှုံးခဲ့ရတဲ့ အမျိုးသားပြန်လည် သင့်မြတ်ရေးကိစ္စတွေနဲ့ အဲဒီအတွက် စိန်ခေါ်ချက်တွေကိုလည်း သူ့ရဲ့ခရီးစဉ်အတွင်း သက်ဆိုင်သူတွေနဲ့ ဆွေးနွေးပြောဆိုခဲ့တယ်လို့ ဝန်ကြီး ကလင်တန်ကပြောပါ တယ်။

"လှပချစ်စရာကောင်းပြီး အသွင်အမျိုးမျိုးရှိတဲ့ ဒီတိုင်းပြည်ကြီးရဲ့ ကိစ္စရပ်တိုင်းမှာ လူတိုင်းမျှဝေ ပါဝင်ပတ်သက်နိုင်မှု မရှိသေးသရွေ့တော့ စစ်မှန်တဲ့ငြိမ်းချမ်းရေး စစ်မှန်တဲ့တရားမျှတမှု ဆိုတာရှိမှာ မဟုတ်ပါဘူး။ အခုလို နိုင်ငံရေး လူမှုရေးဆိုင်ရာ၊ အထူးသဖြင့်ရန်ကုန်မြို့ပေါ်မှာ တိုးတက်မှုအချို့ မြင်နေရပေမဲ့လည် တိုင်းပြည်ရဲ့ အခြားနေရာတွေ အထူးသဖြင့်တော့ လူမျိုးစုတိုင်းရင်းသား ဒေသတွေမှာ အကြမ်း ဖက်မှုတွေဆက်ရှိနေပါတယ်။ ဒီလိုပဋိပက္ခတွေ အပြင်ဆင်းရဲမွဲတေမှုတွေ၊ ရောဂါဘယထူပြောမှုတွေ၊ ပညာမတတ်မှုတွေလည်းရာခိုင်နှုန်းမြင့်မြင့်မားမား ရှိနေပါတယ်။ အမျိုးသမီးတွေကိုလိင်ပိုင်းဆိုင်ရာ စော်ကားတာကိုလည်း လက်နက်သဖွယ် စနစ်တကျအသုံးပြုနေတာတွေ ရှိပါတယ်။"

မြန်မာနိုင်ငံဘက်က ပြုပြင်ပြောင်းလဲမှု ခြေလှမ်းတွေတိုးလာတိုင်း ဒီအတိုင်းအတာအပေါ်မှာအမေရိကန်ပြည်ထောင်စုဘက်ကတုံ့ပြန် ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတာကို နိုင်ငံခြားရေးဝန်ကြီးလင်တန်က သူ့ခရီးစဉ်အတွင်းမှာ ထပ်ခါထပ်ခါပြောခဲ့ပါတယ်။ မြန်မာအာဏာပိုင်တွေဘက်က လိုလားနေတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ မြန်မာအပေါ် ပိတ်ဆို့မှုပြန်ရုပ်သိမ်းရေး အခြေအနေ အလားအလာဟာလည်း မြန်မာအာဏာပိုင်တွေရဲ့ လုပ်ဆောင် ချက်အပေါ်မှာ တည်လိမ့်မယ်လို့ သူက ပြောသွားပါတယ်။ လတ်တလောအားဖြင့် ဒီအရေးယူမှုတွေ ရုပ်သိမ်းဖို့ အချိန်စောသေးတယ်လို့ နိုင်ငံခြားရေးဝန်ကြီးကလင်တန်က ပြောပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံအပေါ် အကူအညီ ဒေါ်လာ ၁.၂သန်း ကူညီသွားဖို့ရှိပြီး ဒါတွေကတော့ အသေးစား ချေးငွေထုတ်ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှုကိစ္စရပ်တွေမျိုးတွေမှာ သုံးစွဲမှာဖြစ်တယ်လို့ သိရပါတယ်။ ဒါကိုလည်း လူမှုအဖွဲ့အစည်းတွေကတဆင့် ထောက်ပံ့မှာဖြစ်ပါတယ်။

တချိန်တည်းမှာပဲ လူ့အခွင့်အရေး ချိုးဖောက်မှုတွေနဲ့ပတ်သက်လို့ စုံစမ်းရေးကော်မရှင်ဖွဲ့ရေးကိစ္စကို အမေရိကန်ပြည်ထောင်စုက ဆက်ပြီးထောက်ခံတဲ့အကြောင်းနိုင်ငံခြားရေးဝန်ကြီးကလင်တန်က ပြောခဲ့ပါတယ်။ ဒါတွေဟာ တချိန်ချိန်မှာ မြန်မာနိုင်ငံတွင်းကနေဆောင်ရွက်သွားနိုင်မယ်လို့ မျှော်လင့်တဲ့အကြောင်းလည်း ဆိုပါတယ်။ အရင်ဆုံးတော့ လူ့အခွင့်အရေးကော်မရှင်ဖွဲ့တာမျိုး အရေးကြီးပြီးအခုတော့ အစိုးရက ဒီအဆင့်ကို ဆောင်ရွက်ထားပြီးဖြစ်တယ်လို့ ပြောပါတယ်။ ဒါပေမဲ့ ဒီကော်မရှင်ရဲ့လွတ်လပ်မှု၊ သမာသမတ်ကျမှု၊ ကျွမ်းကျင်မှုတွေအတွက် နိုင်ငံတကာအကူအညီတွေ တောင်းခံဖို့လိုအပ်ပြီး ဒီလူ့အခွင့်အရေးချိုးဖောက်ခံခဲ့ ရတာတွေကို ပြန်လည် ကိုင်တွယ်နိုင်ဖို့ဟာလည်း အစိုးရသစ်နဲ့အတိုက်အခံတွေအကြားမိမိတို့နည်းနဲ့ဆောင်ရွက်နိုင်ဖို့ အရေးကြီးတယ်လို့ နိုင်ငံခြားရေးဝန်ကြီးကလင်တန်က ထောက်ပြသွား ပါတယ်။

## လူ့အခွင့်အရေးကိစ္စ မြန်မာကိုဖိအားပေးဖို့ AI တိုက်တွန်း

**RFA၊ နိုဝင်ဘာ ၃၀ ။** ။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ကလင်တန်ရဲ့ မြန်မာနိုင်ငံခရီးစဉ်အတွင်းမှာ မြန်မာ့လူ့အခွင့်အရေး တိုးတက်အောင်ဆောင်ရွက်ဖို့ အဓိကထား တိုက်တွန်းသင့်တယ်လို့ Amnesty International ခေါ် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ကြေညာချက်ထုတ်ပြီး တိုက်တွန်းလိုက်ပါတယ်။

AI အဖွဲ့ရဲ့ အရှေ့တောင်အာရှဆိုင်ရာ သုတေသနမှူး Benjamin Zawacki က မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးအခြေအနေတိုးတက်မှု တွေနေရပေမယ့် လူ့အခွင့်အရေးချိုးဖေါက်မှုတွေ ဆိုးဆိုးဝါးဝါး ရှိနေဆဲပဲလို့ ဆိုပါတယ်။

**စာမျက်နှာ ၈ သို့**

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟေလာရီကလင်တန် နေပြည်တော်ရောက်

**VOA ၊ နိုဝင်ဘာ ၃၀ ။** ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ဟာ မြန်မာနိုင်ငံ၊ နေပြည်တော်ဆီ ဒီကနေ့ ညနေပိုင်းက ရောက်သွားပါပြီ။ မြန်မာနိုင်ငံခရီးစဉ်အပေါ် မျှော်လင့်ချက်ထားပေမဲ့ နောက်ထပ် ပြုပြင်ပြောင်းလဲရေးတွေ လုပ်ရလိမ့်ဦးမယ်လို့ သမိုင်းဝင် မြန် မာနိုင်ငံခရီးစဉ်မတိုင်ခင် တောင်ကိုရီးယားနိုင်ငံမှာ ရှိတဲ့အချိန် မစ္စစ်ကလင်တန်က ပြောခဲ့ပါတယ်။ ဒီခရီးစဉ်ဟာ တရုတ်နိုင်ငံနဲ့မသက်ဆိုင်ဘဲ အမေရိကန်-မြန်မာဆက်ဆံရေး ကိစ္စသက်သက်ပဲဖြစ်ပါတယ်လို့ အမေရိကန်နိုင်ငံခြားရေးဌာန တာဝန်ရှိသူတွေကလည်း ပြောနေပါတယ်။ အပြည့်အစုံကို ကိုကျော်ကျော်သိန်းက တင်ပြပေးထားပါတယ်။

အမေရိကန်နဲ့ မြန်မာနိုင်ငံအကြား ဆက်ဆံရေးတိုးတက်စေ ဖို့ အတွက်မြန်မာအစိုးရဘက်က လုပ်ဖို့လိုအပ်တဲ့အပြောင်းအလဲအတိအကျအသေးစိတ်ကို သူ့ရဲ့ သမိုင်းဝင်ခရီးစဉ်အတွင်းမြန်မာခေါင်းဆောင်တွေနဲ့ တွေ့တဲ့အခါ အကြံပြုပြောဆိုသွားမယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် (Hillary Clinton) က ဒီကနေ့ ဗုဒ္ဓဟူးနေ့မှာပဲ ပြောလိုက် တာပါ။

သူ့ရဲ့ခရီးစဉ်အပေါ် သတိနဲ့ အကောင်းမြင် မျှော်လင့်ထားပေမဲ့ အမေရိကန်ဘက်က တုန့်ပြန်လုပ်ဆောင်ချက်တွေ မလာခင်မှာ မြန်မာအစိုးရက နောက်ထပ်ပြုပြင်ပြောင်းလဲရေးတွေ လုပ်ရပါလိမ့်မယ်လို့မြန်မာနိုင်ငံဆီ မထွက်ခွာခင် တောင်ကိုရီးယားနိုင်ငံ မှာကျင်းပခဲ့တဲ့အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးညီလာခံတခုအတွင်း သတင်းထောက်တွေကို မစ္စစ်ကလင်တန်က ပြောခဲ့ပါတယ်။

"သမ္မတအိုဘားမားက ဘာလီကျွန်းမှာပြောခဲ့သလိုပါပဲ၊ လက်ရှိတိုးတက်မှု အရိပ်အယောင်လေးတွေကနေ မြန်မာလူထုအတွက် အကျိုးဖြစ်ထွန်းစေမယ့် အပြောင်းအလဲအတွက် လှုပ်ရှားမှုတခုဖြစ်လာအောင်လှုံ့ဆော်ပေးနိုင်လိမ့်မယ်လို့ကျမတို့နဲ့တခြားနိုင်ငံအများအပြားကအတော်လေးမျှော်လင့်ထားကြတယ်ဆိုတာကတော့သိသာထင်ရှားပါတယ်။"

အမေရိကန်ဘက်က တုန့်ပြန်လုပ်ဆောင်ချက်လို့ မစ္စစ်ကလင်တန်ကပြောခဲ့တာဟာ အဓိကအားဖြင့်တော့ မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ ဒဏ်ခတ်အရေးယူမှုတွေကိစ္စ ဖြစ်ဖွယ်ရှိပါတယ်။ ဒဏ်ခတ်အရေးယူမှုတွေကို ပြန်ပြီးရုပ်သိမ်းဖို့ အကဲဖြတ်သုံးသပ်ရမယ့် အဆင့်ထိ မရောက်သေးဘူးလို့ အမေရိကန်နိုင်ငံခြားရေးဌာနတာဝန် ရှိသူတွေက အစောပိုင်းကတည်းကိုက ပြောထားတာပါ။

ဒီခရီးစဉ်အတွင်း လူ့အခွင့်အရေးကိစ္စ၊ ပဲ့ထိန်းဒုံးနဲ့ နျူကလီးယားဆိုင်ရာတွေမှာ ပူးပေါင်းဆောင်ရွက်နေတယ်လို့ သံသယရှိတဲ့ မြောက်ကိုရီးယားနဲ့ဆက်ဆံရေးကို အကန့်အသတ်ထားဖို့ကိစ္စ၊ တရုတ်တို့ ဩဇာကြီးထွားလာနေတာကို အမေရိကန်နဲ့ မဟာမိတ်တွေက စိုးရိမ်နေတဲ့ ဒေသတခုမှာ မြန်မာနိုင်ငံအပေါ် တရုတ်ရဲ့ ဩဇာလွှမ်းမိုးမှုလျော့သွားစေဖို့စတဲ့အကျိုးအမြတ်တွေရလာစေဖို့အိုဘားမားအစိုးရကတွက်ချက်လုပ်ဆောင်နေပုံရှိပါတယ်။

ဒါပေမဲ့လည်း ဒီခရီးစဉ်ဟာ တရုတ်နဲ့ မြန်မာအကြားဆက်ဆံရေးနဲ့ ဘာမှမပတ်သက်ဘဲ မြန်မာနိုင်ငံပြည်တွင်းရေး အခြေအနေကသာ အဓိကဖြစ်တယ်လို့ အင်္ဂါနေ့ကလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲအတွင်း အမေရိကန် နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ မာ့ခ် တုန်နာ (Mark Toner) က ပြောခဲ့ပါတယ်။

"ဝန်ကြီးကလင်တန်ရဲ့ အခုမြန်မာခရီးစဉ်ဟာ တရုတ် ဆက်ဆံရေးနဲ့မပတ်သက်ပါဘူး။ သမ္မတ အိုဘားမားပြောခဲ့သလိုပါပဲ၊ မြန်မာခေါင်းဆောင်မှုအတွင်းမှာ တိုးတက်မှု ပြိုးပြိုးပျပျ မြင်နေရတဲ့အချိန်မှာ ဒီအခွင့်အရေးကို အမိအရ ဆုပ်ကိုင်ဖို့ ကြိုးပမ်းတာပါ။ မြန်မာ နိုင်ငံဟာ အပြုသဘောလားရာဘက်ကို ဦးတည် ပြုပြင်ပြောင်းလဲမှုတွေပို လုပ်လာဖို့ မြန်မာအာဏာပိုင်တွေကို ဖြောင်းဖျဆွေးနွေးနိုင်မလားဆိုတာ အခု ကျနော်တို့ရဲ့ ထိစပ်ဆက်ဆံရေးမူဝါဒနဲ့ ဆောင်ရွက်ကြည့်တာဖြစ်ပါတယ်။ တရုတ်ဆက်ဆံရေးနဲ့ မပတ်သက်ပါဘူး။"

တရုတ်တို့ကလည်း မြန်မာနိုင်ငံနဲ့ အနောက်နိုင်ငံတွေအကြား ဆက်ဆံရေးတိုးတက်အောင်လုပ်တဲ့ကိစ္စကို ကြိုဆိုတယ်ဆိုပေမဲ့ တရုတ် အကျိုးစီးပွားကို ထိခိုက်ပြီး မလုပ်ဖို့တော့ပြောပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရဲ့ခရီးစဉ်ဟာ မြန်မာနိုင်ငံအပေါ် တရုတ်က ဩဇာလွှမ်းမိုးနေတာကို ထိန်းညှိဖို့ ရည်ရွယ်ချက်လည်းပါတယ်ဆိုတဲ့ သုံးသပ်ချက်တွေကို တရုတ်တို့ ကိုယ်တိုင်က သတိပြုမိ နေပါတယ်။

မြန်မာနဲ့ မြောက်ကိုရီးယား နိုင်ငံအကြား ဆက်ဆံရေးကိစ္စကတော့ ဆွေးနွေးမယ့် အကြောင်းအရာတွေထဲမှာ ပါဝင်မယ်ဆိုတာအမေရိကန်နိုင်ငံခြားရေးဌာနကပြောထားပါတယ်။ ဒါ့အပြင်မြန်မာနိုင်ငံထဲမှာ နိုင်ငံရေး ပြောင်းလဲမှုတွေ အရှိန်အဟုန် ကောင်းလာစေဖို့ အမေရိကန်ဘက်ကရည်ရွယ်တယ်လို့လည်း မာ့ခ်တုန်နာက ပြောပါတယ်။

"နိုင်ငံရေးပါတီတွေအတွက်ဒီမိုကရေစီအခွင့်အရေးပိုမိုရရှိစေဖို့၊ နိုင်ငံရေးပါတီတွေ အားလုံးနိုင်ငံရေးမှာ ပါဝင်ပတ်သက်ဖို့ရဖို့၊ နိုင်ငံရေးအကျဉ်းသားတွေ အားလုံးလွတ်မြောက်လာဖို့ ကိစ္စရပ်တွေဟာ အမေရိကန် ပြည်ထောင်စုရဲ့ လိုလား စိုးရိမ်ချက်တွေဖြစ်ပါတယ်။"

နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ဟာ ဒီကနေ့ညနေပိုင်းမှာ မြန်မာနိုင်ငံရောက်နေပြီဖြစ်ပြီး အစိုးရတာဝန်ရှိသူတွေနဲ့ ကြာသပတေးနေ့မှာ တွေ့ဆုံဆွေးနွေးပြီးတဲ့အခါ မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေး ပါတီအဖွဲ့အစည်း လူပုဂ္ဂိုလ်အသီးသီးနဲ့ ရန်ကုန်မြို့မှာ တွေ့ဆုံမှာ ဖြစ်ပါတယ်။

---

**စာမျက်နှာ ၇ မှ**

ဒါကြောင့် မြန်မာနိုင်ငံမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူအားလုံး ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးဖို့၊ တိုင်းရင်းသား ဒေသတွေက လူ့အခွင့်အရေးချိုးဖောက်မှုတွေ ရပ်ဖို့၊ အဓိပ္ပာယ်ပြည့်ဝတဲ့ ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ မြန်မာအစိုးရကို မစ္စစ်ကလင်တန် တိတိကျကျ တိုက်တွန်းသင့်တယ်လို့ သူကပြောပါတယ်။

ကရင်၊ ကချင်၊ ရှမ်းပြည်နယ်တွေအပါအဝင် တိုင်းရင်းသားဒေသအတော်များများမှာ မြန်မာစစ်တပ်က လူ့အခွင့်အရေးကို စနစ်တကျ ချိုးဖေါက်နေတာတွေ ဆက်လက်တွေ့နေရသေးတယ်လို့ AI ကြေညာချက်မှာဖေါ်ပြထားပါတယ်။ ဒါ့အပြင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးရဲ့ မြန်မာနိုင်ငံခရီးစဉ်ဟာ မြန်မာအစိုးရအတွက် ဂုဏ်ယူဖွယ် ခရီးသက်သက် မဖြစ်သင့်ဘူးလို့ မစ္စတာဇာဝ့်ါကီးက ပြောပါတယ်။

မြန်မာအစိုးရဟာ နိုင်ငံရေးအကျဉ်းသား ၃၁၈ ဦးကို ဒီနှစ်အတွင်းမှာ ပြန်လွှတ်ပေးခဲ့တယ်ဆိုပေမယ့် ထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်းသား တစ်ထောင်ကျော် ကျန်နေသေးပြီး နိုင်ငံရေးအကျဉ်းသားတွေကို အခုလို အသုတ်ခွဲပြီး လွှတ်ပေးနေတာကလည်း နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွေထဲက လုပ်ငန်းစဉ်တစ်ခုအနေနဲ့ မဖြစ်သင့်ဘူးလို့ ဆိုပါတယ်။




**နိုဝင်ဘာ ၂၅ ၊** AFP ။ ။ ဗိုလ်ချုပ်သန်းရွှေသည် အမှန်တကယ် အနားယူသွားပြီဖြစ်ကြောင်း သူရရွှေမန်းမှ လူထုသို့ ပထမဆုံးအကြိမ် ထုတ်ဖော်ပြောဆို၏။

**နိုဝင်ဘာ ၂၇ ၊** XNA ။ ။ အမေရိကန်နိုင်ငံခြားရေးတာဝန်ခံ ကလင်တန်၏ မြန်မာခရီးစဉ်အား မြန်မာလူ့အခွင့်အရေးကော်မရှင်မှ ကြိုဆို၏။

**နိုဝင်ဘာ ၂၈ ၊** DVB ။ ။ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် Sheikh Hasina သည် ရှေ့လအတွင်း မြန်မာခရီးစဉ်တွင် မြန်မာမှ ဓါတ်ငွေ့ဝယ်ယူရေးဆွေး နွေးဖွယ်ရှိ၏။

**နိုဝင်ဘာ ၂၈ ၊** The Independent ။ ။ မြန်မာတွင် ပြောင်းလဲမှုများသည် အမေရိကန်ထိပ်သီးကို ဖိတ်ခေါ်နိုင်ခဲ့သော်လည်း မြန်မာအစိုးရသည် သမိုင်းဖြစ်စဉ်မှန်များကို ရုပ်ရှင်စသည်တို့တွင် ဖော်ပြခွင့်မပြုကြောင်း၊ မြန်မာတွင် ပြောင်းလဲမှုမရှိဟု ရုပ်ရှင်ထုတ်လုပ်သူ ဒါရိုက်တာ ဦးမျိုးဇော်မှဆို၏။

**နိုဝင်ဘာ ၂၈ ၊** Sin Chew Jit Poh ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် အမှောင်ပိတ်ခံခေါင်းဆောင်မှ ကမ္ဘာ့ဖြန့်ဖြေရေး အောင်သွယ်နေရာသို့ ရောက်ရှိနေ၏။

**နိုဝင်ဘာ ၂၈ ၊** EurekaAlert ။ ။ Oakland တွင် ခိုလှုံရောက်ရှိလာသော မြန်မာမှဒုက္ခသည် ဖိုဝ ရာခိုင်နှုန်းခန့်သည် ထာဝရဆင်းရဲတွင်း စာရင်းတွင် နစ်မြုပ်သွားနိုင်ကြောင်း San Fransisco တက္ကသိုလ်ထုတ်ပြန်ချက်တခုမှဆို၏။

**နိုဝင်ဘာ ၂၈ ၊** OurAmazingPlanet ။ ။ မြစ်ကြီးနားမှ မိုင် ၃၀ ကိုဗဟိုပြု၍ ၅.၁ ရှိ ငလျင်လှုပ်ခဲ့၏။

**နိုဝင်ဘာ ၂၈ ၊** MINSK, Belarus ။ ။ Belarus ဝန်ကြီးချုပ် Mikhail Myasnikovich နှင့်အဖွဲ့သည် မြန်မာတွင် ဒီဇင်ဘာလ ၁ မှ ၃ အထိနေထိုင်မည်။

**နိုဝင်ဘာ ၂၈ ၊** XNA ။ ။ မြန်မာနှင့် စစ်ဖက်ဆိုင်ရာ ပိုမိုပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း တရုတ်ထိပ်သီးအရာရှိမှ တရုတ်ပြည်ရောက် မြန်မာစစ်ဘက်ထိပ်သီး မြန်မာစစ်ဦးစီးချုပ် မင်းအောင်လှိုင်သို့ဆို၏။

**နိုဝင်ဘာ ၂၉ ၊** BKK-AP ။ ။ အမေရိကန်သည် မြန်မာနှင့် တံခါးများပြန်ဖွင့်ချိန် တောနက်ထဲတွင် မြန်မာစစ်တပ်သည် တိုင်းရင်းပြည်သူများကို ဆက်လက် သတ်ဖြတ် နှိပ်စက်နေသေးကြောင်း။

**နိုဝင်ဘာ ၂၉ ၊** TKY,Mainichi ။ ။ ဂျပန် နိုင်ငံခြားရေးဝန်ကြီး ဂဲမ်းဘသည် ထိုင်း၊ မြန်မာနှင့်ကမ္ဘောဒီးယားတို့သို့ နှစ်ကုန်ပိုင်းတွင် လေးရက်ခရီးနှင်မည်။

**နိုဝင်ဘာ ၂၉ ၊** AFP ။ ။ ရှားရှားပါးပါး မြန်မာမှတက်ရောက်ခဲ့သည့် မြေမြုပ်ဗုံးဆွေးနွေးပွဲသည် အကျိုးသစ်များရှိနိုင်၏။

**နိုဝင်ဘာ ၂၉ ၊** BJG-UPI ။ ။ တရုတ်ပြည်ရောက် မြန်မာစစ်ဦးစီးချုပ် မင်းအောင်လှိုင်နှင့်တွေ့ပြီး တရုတ်ဒုသမတသည် နှစ်နိုင်ငံပိုမိုပူးပေါင်း ဆောင်ရွက်မှုကို တိုက် တွန်း၏။

**နိုဝင်ဘာ ၂၉ ၊** AI ။ ။ ကလင်တန်၏မြန်မာခရီးစဉ် အကျိုးသက်ရောက်မှုကို လူ့အခွင့်အရေး မည်မျှတိုးတက်သနည်းဟူသော ပေတန်ဖြင့် တိုင်းသင့်ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ Amnesty International မြန်မာရေးရာကျွမ်းကျင်သူ Benjamin Zawacki မှဆို၏။

**နိုဝင်ဘာ ၂၉ ၊** VOA ။ ။ မြန်မာသို့ လက်ကမ်း၍ ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာ၏ မြောက်ကိုရီးယားနှင့်ဆက်ဆံမှု အနုမြူစွမ်းအင် ပူးပေါင်းဆောင်ရွက်မှုများအကြောင်း အစအနရနိုင်ကြောင်း Steve Herman မှသတင်းဝေဖန်၏။

**နိုဝင်ဘာ ၂၉ ၊** BKK-VOA ။ ။ ဟီလာရီကလင်တန်အား မြန်မာခရီးစဉ်ကို လူ့ အခွင့်အရေးတိုးမြှင့်ရေးအတွက် အသုံးပြုရန် US Cam paign for Burma အပါအဝင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအဖွဲ့များ ၁၂ ဖွဲ့တို့မှတောင်းဆို၏။

**နိုဝင်ဘာ ၂၉ ၊** Irrawaddy ။ ။ ကမ္ဘာ့အတွေးအခေါ်ရှင် Global Thinker များတွင် ဒေါ်အောင်ဆန်းစုကြည်အား အဆင့် ၃၁၊ သမတ အိုဘားမားသည် နံပတ် ၁၁ နေရာတို့တွင်အသီးသီးရှိကြောင်း အမေရိကန်မှ Foreign Policy စာစောင်မှသတ်မှတ်၏။

**နိုဝင်ဘာ ၂၉ ၊** NYTl ။ ။ တရုတ်ပြည်သည် မြန်မာ၏ ကမ္ဘာသို့လမ်းဖွင့်မှုကြိုဆိုကြောင်း၊ သို့သော် တရုတ်ပြည်အား ထိခိုက်မည့်ကိစ္စများကို ဆန့်ကျင်ကြောင်း Global Times သတင်းစာအာဘော်မှဆို၏။

**နိုဝင်ဘာ ၃၀ ၊** Irrawaddy ။ ။ မြန်မာအစိုးရနှင့်ကချင်သူပုန်ကိုယ်စားလှယ်များ တရုတ်ပြည်၊ ရွှေလီတွင် တွေ့ဆုံရာ နိုင်ငံရေးဆွေးနွေးပွဲပြုလုပ်ရန် ကေအိုင်အိုမှ တောင်းဆို၏၊ ယနေ့ထုတ်ပြန်ချက်တွင် တိုင်းရင်းသားပြဿနာများကို စစ်ရေးဖြင့်ဖြေရှင်းမရဟုယုံကြည်ကြောင်း KIO မှ Lanyaw Zwang Hkra မှဆို၏။

**နိုဝင်ဘာ ၃၀ ၊** Global Times ။ ။ မြန်မာ၏ဆက်လက်လုပ်နေမှုများအပေါ်အခြေခံ၍ တုန့်ပြန် ပူးပေါင်းဆောင်ရွက်မည်ဟု ကလင်တန်မှ ဆို ၏။

**နိုဝင်ဘာ ၃၀ ၊** WTN-Rtrs ။ ။ အာမခံချက်မရှိသော်လည်း အစိုးရ၏ခြေလှမ်းများသည် မှန်ကန်ရိုးသားသည်ဟုလက်ခံ၍ စွန့်စားလှုပ်ရှား သွားမည်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ ဗွီဒီယိုဖုံးမေးမြန်းချက်တွင်ဆို၏။

**နိုဝင်ဘာ ၃၀ ၊** AP ။ ။ လက်ရှိနှင့်အမည်ပြောင်း မြန်မာစစ်ခေါင်းဆောင်များသည် လူထုတော်လှန်ရေးကို ရှောင်ရှားလိုခြင်းကြောင့်ဘဲဖြစ်ဖြစ် အမေရိကန်နိုင်ငံခြားရေးတာဝန်ခံလာရောက်ခြင်းဖြင့် အနောက်တိုင်း၏ လေးစားမှုကိုခံယူခဲ့ရ၏။ Grant Peck မှသတင်းဝေဖန်၏။

**နိုဝင်ဘာ ၃၀ ၊** AFP ။ ။ ပြင်သစ်တွင် ဒေါ်အောင်ဆန်းစုကြည် ဘဝသရုပ်ဖော် ဒါရိုက်တာ Luc Besson. The Lady ရုပ်ရှင် ပြင်သစ်တွင် စတင်ရုံတင်ပြသ၏။

**နိုဝင်ဘာ ၃၀ ၊** CNN ။ ။ ကလင်တန်သည် မြန်မာတွင် တိုးတက်မှုမီးတောက်လေးများကို ရှာဖွေကြည့်ရှုသုံးသပ်ရန် ရောက်ရှိနေ၏။

**နိုဝင်ဘာ ၃၀ ၊** Yonhap ။ ။ ကလင်တန်၏မြန်မာသို့ ခရီးစဉ်သည် နျူကလီးယားလက်နက် သံသယမကင်းသော မြန်မာအစိုးရအား မှားယွင်းသည့် အားပေးမှုဖြစ်နိုင်ကြောင်း Ileana Ros-Lehtinen စသည့် အမေရိကန်ကွန်ဂရက်အမတ်အချို့မှထောက်ပြ၏။

**နိုဝင်ဘာ ၃၀ ၊** RGN ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ထိပ်သီးသံတမန်နေအိမ်တွင် ညစာစားစဉ် ဟီလာရီ ခရီးစဉ်အတွက် ကြိုတင်ဆွေးနွေးပြင်ဆင်၏။

**စာမျက်နှာ ၁၃ သို့**

# ကချင်ပြည်နယ်တွင်း လူ့အခွင့်အရေးဖောက်ဖျက်မှုတွေ ဆိုးဝါးစွာကျူးလွန်နေ

**BBC၊ နိုဝင်ဘာ ၂၈ ။** ။ မြန်မာနိုင်ငံ ကချင်ပြည်နယ်မှာ ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေအတွင်း အစိုးရစစ်တပ်တွေဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုဆိုးဆိုးဝါးဝါးကျူးလွန်နေတယ်ဆိုတဲ့ စွပ်စွဲချက်အသစ်တွေ ထွက်ပေါ်လာပါတယ်။

နော်ဝေအခြေစိုက် Partners Relief and Development အဖွဲ့ကနေ အစီရင်ခံစာထုတ်ပြန်ရာမှာ မြန်မာစစ်တပ်ရဲ့ ကချင်ပြည်နယ်မှာ ညှဉ်းပမ်း နှိပ်စက်မှုတွေ၊ အတင်းအဓမ္မခိုင်းစေမှုတွေနဲ့ အရပ်သားတွေကို ဥပဒေမဲ့ သတ်ဖြတ်မှုတွေနဲ့ အရပ်သားတွေကို ပစ်မှတ်ထားတိုက်ခိုက်မှုတွေရှိကြောင်း အထောက်အထားနဲ့တကွ ဖော်ပြထားပါတယ်။

ညှဉ်းပမ်းနှိပ်စက်မှုရှိကြောင်း အထောက်အထားအဖြစ်နဲ့ အသက် ၃၄ နှစ်အရွယ် လူကြီးတယောက်နဲ့ အသက် ၁၇ နှစ်အရွယ် လူငယ်တယောက်ရဲ့ အလောင်းတွေကို ဓာတ်ပုံနဲ့တကွဖော်ပြထားပါတယ်။ ဒူးနှစ်ဘက်နဲ့ချိုင်းနှစ်ဘက်မှာ သေနတ်နဲ့ပစ်ထားတဲ့ဒဏ်ရာတွေနဲ့ ခန္ဓာကိုယ်မှာရထားတဲ့ဒဏ်ရာတွေ ဦးခေါင်းကြေမွတဲ့ ဒဏ်ရာနဲ့ကိုယ်လက်အင်္ဂါအစိတ်အပိုင်း ဖြတ်တောက်ခံထားရတာတွေကိုထောက်ပြပြီး မသေခင်မှာ ဆိုးဆိုးဝါးဝါး ညှဉ်းပမ်းနှိပ်စက်ခံထားရတယ်လို့ အစီရင်ခံ စာမှာဖော်ပြထားပါတယ်။

ဒါ့အပြင် အရပ်သားတွေထိခိုက်သေဆုံးဒဏ်ရာရမှု ရှိကြောင်းကိုတော့ ပုံးထိမှန်ပြီးသေဆုံးခဲ့တယ်ဆိုတဲ့ သုံးတန်းကျောင်းသားလေးတယောက်ကိုမြှုပ်နှံထားတဲ့ မြေပုံနဲ့ခေါင်းကို သေနတ်နဲ့အပစ်ခံခဲ့ရသူ တယောက်ရဲ့ အလောင်းဓာတ်ပုံတွေကို ဖော်ပြထားပါတယ်။ နမ်လင်းပါရွာထဲက ကောက်ယူရရှိတယ်ဆိုတဲ့ ဗမာစစ်သားတယောက်ရဲ့နာမည်ရေးထိုးထားတဲ့ စစ်သုံးရေဘူးနဲ့ကျည်ဆံထည့်တဲ့ ပလပ်စတစ်ဗူး တဗူးကို လည်း ဓာတ်ပုံနဲ့ပြထားပါတယ်။

ဒီအစီရင်ခံစာကို အောက်တိုဘာလအတွင်း နမ်လင်းပါဆိုတဲ့ရွာမှာ သုံးပတ်ကြာကာလအတွင်း ဖြစ်ပွားခဲ့တဲ့ အဖြစ်အပျက်ကို အခြေခံရေးသားထားတာဖြစ်ပြီး အဲဒီကဖြစ်ရပ်တွေဟာ ဇူလိုင်လကတည်းကစတင်ပြီး ကချင်ပြည် နယ်တခုလုံးမှာဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်တွေကို ထင်ဟပ်နေပါ တယ်လို့ Partners Relief and Development အဖွဲ့ ရဲ့အစီရင်ခံစာကို အဓိကဦးဆောင်ရေးသားသူဖြစ်တဲ့ Bryan Erikson က BBC ကိုပြောပါ တယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို လေ့လာစုံစမ်းရာမှာ အသုံး ပြုတဲ့ နိုင်ငံတကာစံထားတဲ့ နည်းလမ်းတွေကိုသုံးပြီး ဒီအဖြစ်အ ပျက်မှာ ပါဝင်ပတ်သက်ခဲ့သူတွေနဲ့ နစ်နာသူတွေနဲ့ နီးစပ်သူဆွေမျိုးသားချင်းတွေကို အဓိကတွေ့ ဆုံမေးမြန်းထားတယ်လို့ပြောပါတယ်။

ဒီလိုအခြေအနေတွေကိုကြည့်ရင် စစ်ရာဇဝတ်မှုမြောက်ဖွယ်ရှိတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို တွေ့မြင်နေရတဲ့အတွက် ကုလသမဂ္ဂကနေ ကော်မရှင်အောဖ်အင်ကွာရီဖွဲ့ပြီး စုံစမ်းစစ်ဆေးမှုတွေလုပ်ဖို့တိုက်တွန်းထားပါတယ်။ ဒီနေ့မှာဘဲ အဲဒီလို ကချင်ပြည်နယ်အတွင်း ကချင်အမျိုးသားတွေအပေါ်မှာ အစိုးရတပ်ရဲ့ လူ့အခွင့်အရေးဖောက်ဖျက်ကျူးလွန်မှုတွေအပေါ် ရှုတ်ချတဲ့ အနေနဲ့ပြည်ပအခြေစိုက် ကချင်အဖွဲ့အစည်းတွေဖြစ်ကြတဲ့ ကချင်အမျိုးသားကောင်စီနဲ့ကချင်အမျိုးသားအစည်းအရုံးတို့ကလည်း အမေရိကန်၊ ဂျပန်၊ ဗြိတိန်နိုင်ငံတို့မှာ ဆန္ဒပြပွဲတွေ ပြုလုပ်ခဲ့ကြတယ်လို့ဆိုပါတယ်။

# ဟီလာရီကလင်တန်ခရီးစဉ်အတွင်း လွတ်ငြိမ်းခွင့်မျှော်လင့်

**RFA၊ နိုဝင်ဘာ ၂၉ ။** ။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဟီလာရီ ကလင်တန်ရဲ့ ခရီးစဉ်အတွင်း လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ မျှော်လင့်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပြောပါတယ်။

အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေနဲ့လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ သမ္မတထံ မေတ္တာရပ်ခံထားပြီးဖြစ်တဲ့အတွက် အခုလို မျှော်လင့်ရတာလို့ ကော်မရှင်ရဲ့ဥက္ကဋ္ဌဦးဝင်းမြက အာရ်အက်ဖ်အေကိုပြောပါတယ်။

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူတွေကို နောက်တစ်ကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့နဲ့ လွတ်ငြိမ်းချမ်းသာခွင့်မှာ ထည့်မပေးနိုင်တဲ့သူတွေရှိခဲ့ရင် မိသားစုနဲ့တွေ့ဆုံမှု အဆင်ပြေအောင် သွားလာရလွယ်ကူတဲ့ အကျဉ်းထောင်တွေကို ပြောင်းရွှေ့ပေးဖို့ အခုလ ၁၂ ရက်ရက်စွဲနဲ့ သမ္မတဦးသိန်းစိန်ထံ မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်က အိတ်ဖွင့်ပေးစာပေးပို့ခဲ့ပါတယ်။

ပြည်တွင်း ပြည်ပ အဖွဲ့အစည်းအသီးသီးက ထုတ်ပြန်တဲ့ စာရင်းတွေအရ မြန်မာနိုင်ငံမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူအရေအတွက် အမျိုးမျိုးကွဲပြားနေပေမယ့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့ စုံစမ်းလေ့လာချက်အရတော့ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ ၃၀၀ လောက်ပဲ ရှိတော့ကြောင်း ဦးဝင်းမြကပြောပါတယ်။

မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကို အငြိမ်းစားသံအမတ်ကြီးတွေ၊ တက္ကသိုလ်ပါမောက္ခဟောင်းတွေ၊ အစိုးရအရာ ရှိဟောင်းတွေနဲ့ အခုနှစ် စက်တင်ဘာလဆန်းပိုင်းက စတင်ဖွဲ့စည်းခဲ့ပါတယ်။ ကော်မရှင်အနေနဲ့လောလောဆယ်မှာ မြေယာသိမ်းယူမှုကိစ္စတိုင်တန်းချက်တွေကို အဓိက ကိုင်တွယ်ဖြေရှင်းပေးနေရတယ်လို့ သိရပါတယ်။

# မြန်မာကာကွယ်ရေးဦးစီးချုပ် တရုတ်ပြည် ရောက်ရှိ

**BBC၊ နိုဝင်ဘာ ၂၈ ။** ။ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်ဟာ အဆင့်မြင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ပြီး တရုတ်ပြည်ကိုရောက်နေပါတယ်။

တရုတ်ဒုတိယသမတလည်းဖြစ် တရုတ်ဗဟိုစစ်ကောင်စီ ဒုတိယဥက္ကဋ္ဌလည်းဖြစ်တဲ့ ရှီးကျင့်ဖြင်နဲ့ ဘီကျင်းမှာတွေ့ဆုံစဉ်အတွင်း နိုင်ငံတကာမှာ အမျိုးမျိုးပြောင်းလဲမှုတွေရှိပေမယ့် နှစ်နိုင်ငံ အပြန်အလှန်ထောက်ခံတဲ့စနစ်ဟာ ရေရှည်အစမ်းသပ်ခံ တည်မြဲကြောင်း သေနင်္ဂဗျူဟာမဟာမိတ်အဖြစ် စစ်တပ်အချင်းချင်း အပြန်အလှန်ပူးပေါင်းမှုတွေလုပ်မယ်လို့ တရုတ်ဒုတိယသမတက ပြောပါတယ်။

မြန်မာဘက်က နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာတောင့်တင်းအောင် လုပ်မယ်၊ ဒေသတွင်းတည်ငြိမ်အေးချမ်းသာယာရေး ကာကွယ်ရေးအပိုင်းတွေမှာလည်း တရုတ်နဲ့ပူးပေါင်းဆောင်ရွက်သွားမယ်လို့ပြောပါတယ်။

ဒီခရီးစဉ်နဲ့ပတ်သက်လို့ စစ်ရေးအကဲခတ်ပုဂ္ဂိုလ် ဦးအောင်ကျော်ဇောကတော့ ကချင်ပြည်အတွင်း စစ်ဆင်ရေးတွေမှာ မြန်မာဘက်က တပ်ရင်း ၁၀၀ ကျော်သုံးပြီး နယ်စပ်မှာတိုက်ပွဲတွေပိုပြင်းထန်လာလို့ ဒီကိစ္စတွေလည်း ဆွေးနွေးနိုင်တယ်လို့ပြောပါတယ်။

ဒါ့အပြင် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်ရဲ့ ဗီယက်နမ်ခရီးစဉ်နဲ့ အခုဟီလာရီကလင်တန်ရဲ့ မြန်မာနိုင်ငံခရီးစဉ်ကိုလည်း တရုတ်က တန်းတူအရေးတကြီးထားပြီး စိတ်ဝင်စားမှုရှိတယ်လို့ ဦးအောင်ကျော်ဇောက ပြောပါတယ်။

ဟီလာရီခရီးမစမီ တရုတ်ဘက်ကခေါ်လိုက်လို့ အရေးပေါ်သွားရတာဖြစ်ပြီး အခုလိုသံတမန်ရေးအရ မြန်မာက အမေရိကန်နဲ့ပိုနီးကပ်တာကို တရုတ်ဘက်က ဘာမှသိပ် ပြင်းပြင်းထန်ထန်ပြောနိုင်မှာမဟုတ်ဘူးလို့ ဆက်ပြောပါတယ်။ မြန်မာတို့ဆီကဝယ်တဲ့ ဓာတ်ငွေ့ပိုက်လိုင်းကိစ္စဖျက်ပြစ်မှာ တရုတ်က စိုးရိမ်လို့ အပေါ်ယံသာပြောနိုင်မေမယ့် တကယ်တမ်း ဘာမှသိပ်လုပ်နိုင်မှာမဟုတ်ဘူးလို့ ဦးအောင်ကျော်ဇောက သုံးသပ်သွားပါတယ်။



# သတင်းတိုထွာဖတ်စရာ

## တကယ့် မြို့တော်က ရန်ကုန်ပါ

ဝန်ကြီးကလင်တန်ဟာ တချိန်တည်း မတူတဲ့ နေရာနှစ်ခုကို ရောက်ခဲ့ရတယ်လို့ဆိုပါတယ်။ တခုက နေပြည်တော်ပါ။ လူသွားလူလာကျဲတဲ့ ကျဲတယ်နဲ့ အဝေး ပြေးလမ်းမကြီးတွေမှာ ကားအသွားအလာမရှိသလောက်ပါ။ နိုင်ငံခြားသား ခရီးသည်တွေအတွက် အထူးကန့်သတ်ထားတဲ့ နယ်မြေဖြစ်ပါတယ်။

ရန်ကုန်ရောက်လာတော့မှ ဒါဟာ တကယ့်မြို့ တကယ့်လူတွေ၊ ကတယ့်တိုင်းပြည်ရဲ့ အသက်သွေးကြောနေရာပါဖြစ်တယ်လို့ ဝန်ကြီးနဲ့ပါသွားတဲ့ NBC သတင်းထောက် Ian Williams က ပြောပါတယ်။ (NBC Dec 1-2011)

## တရုတ် စိုးရိမ်

အမေရိကန်၏ မြန်မာနိုင်ငံခရီးစဉ်နဲ့ပတ်သက်ပြီး တရုတ်အစိုးရမှ စိုးရိမ်စိတ်များဖြစ်နေရတယ်လို့ဆိုပါတယ်။ အမေရိကန်ရဲ့ အာရှအပေါ် ဩဇာလွှမ်းမိုးလိုတဲ့ ပေါ်လစီအသစ်ကြောင့် တရုတ်နိုင်ငံဟာ အရှေ့တောင်အာရှမှာ အထီးကျန်ဘဝကိုရောက်သွားနိုင်တယ်လို့ Tsinghua University professor က သုံးသပ်ပြောဆိုပါတယ်။ (CNN Dec 1-2011)

## ဒေါ်အောင်ဆန်းစုကြည်၏ မျှော်လင့်ချက်

"ကျမတို့ဟာ အတူလက်တွဲပြီး ရှေ့ဆက်သွားမယ်ဆိုရင်၊ ကျမယုံကြည်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းကနေ နောက်ပြန်သွားစရာအကြောင်းမရှိဘူး၊ ဒီမိုကရေစီလမ်းပေါ်ကိုတော့ မရောက်သေးပါဘူး၊ ဒါပေမယ့် သိပ်မကြာတဲ့အချိန်မှာ ရောက်မယ်"လို့ ဒေါ်အောင်ဆန်းစုကြည်က ယုံကြည်ကြောင်း ပြောဆိုပါတယ်။ ဝန်ကြီးကလင်တန်ခရီးစဉ်ကို ကြိုဆိုလိုက်ပြီး ဒီခရီးစဉ်မှ မြန်မာပြည်အပြောင်းအလဲအတွက် တွန်းအားတခုအဖြစ်မျှော်လင့်ကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုပါတယ်။ (Reuters Dec 2-2011)

## နက်ရှိုင်းတဲ့ ရင်းနှီးမှု

ဝန်ကြီးကလင်တန်နှင့် ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ် ဝရံတာရှေ့ထွက်ပြီး နိုင်ငံတကာသတင်းထောက်များကို နှုတ်ဆက်စကားပြောကြားခဲ့ပါတယ်။ တယောက်နဲ့တယောက်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားကြပြီး နက်ရှိုင်းတဲ့ရင်းနှီးမှုရှိကြောင်းသတင်းထောက်များကို လိုက်လှဲပြုံးရွှင်စွာနဲ့ကြိုဆိုနှုတ်ဆက်ကြကြောင်းနှင့်သတင်းသမားများက သူတို့နှစ်ဦးကို တွေ့တာ ဝမ်းသာကြည်နူးကြရတယ်လို့လည်း ရေးသားကြပါတယ်။ (CNN Dec 3-2011)

## ပုဒ်ရဟန်းမင်းကြီးကိုယ်စားလှယ် ရန်ကုန်ရောက်

ရန်ကုန်မြို့မှာ စိန့်မေရီဘုရားကျောင်းတည်ထောင်ခြင်း နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အခမ်းအနားသို့ ပုဒ်ရဟန်းမင်းကြီးရဲ့ ကုလသမဂ္ဂဆိုင်ရာသံအမတ်ကြီးဖြစ်တဲ့ ဂိုဏ်းအုပ်ဆရာတော် Martino တက်ရောက်ပြီး ပုဒ်ရဟန်းမင်းကြီး Benedict XVI. ရဲ့သဝဏ်လွှာကို ဖတ်ကြားမှာဖြစ်ပါတယ်။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်လည်း ဒီအခမ်းအနားကို တက်ရောက်မယ်လို့ဆိုပါတယ်။ (AFP Dec, 3-2011)

## သာကေတ မီးလောင်

သာကေတမြို့နယ် ၁၃ ရပ်ကွက် ဇေယျာဝတီ ၂ လမ်းမှာယနေ့ ညနေ ၅ နာရီခွဲအချိန်ခန့်မီးလောင်ရာ၊ ရုတ်တရက်ထမီးတောက်တာလို့ အိမ်ထဲဝင်ပြီး အရေးကြီးပစ္စည်းတွေ ဝင်သယ်ဖို့တောင်အချိန်မရလိုက်ဘူးလို့ဆိုပါတယ်။ လူနေရပ်ကွက်အတွင်း လောင်စာဆီများသိုလှောင်ရာမှ အခုလိုမီးလောင်ရတာလို့ဆိုပါတယ်။ မီးလောင်မှုကြောင့် အသက် ၃၁ နှစ်အရွယ်ရှိ မအေးအေးဖြူမှာ လက် ခြေထောက်နှင့် ခန္ဓာကိုယ်တို့မှာ မီးလောင်ခံခဲ့ရရှိခဲ့ပြီး မီးလာရောက်ငြိမ်းသတ်ခဲ့သည့်မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးမှာလည်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း သိရပါတယ်။ (VOB Nov 30-2011)

## အေအိုင်ဒီအက်စ်နေ့အထိမ်းအမှတ်

ကမ္ဘာ့ AIDS နေ့အထိမ်းအမှတ်ပွဲတွေကို ရန်ကုန်မြို့ အဖွဲ့ချုပ်ဗဟိုဌာနချုပ်အပြင် တိုင်းနဲ့ပြည်နယ်အသီးသီးရှိ အဖွဲ့ချုပ်ရုံးများမှာ တချိန်တည်း ကျင်းပခဲ့ပါတယ်။ ထူးခြားတာက ဒီနှစ်မှာ ထင်ရှားတဲ့ အနုပညာရှင်တွေအတော်များများ ပါဝင်ကူညီခဲ့တာဖြစ်ပါတယ်။ HIV နဲ့ပတ်သက်တဲ့ တေးသီးချင်းတွေကို စပ်ဆိုကြပါတယ်။ တေးရေးကိုရဲလွင်၊ တေးသံရှင် ရင်ဂို၊ ဆောင်းဦးလှိုင်၊သားထွေး ဇေယျာသော်စတဲ့ အဆိုတော်တွေပါဝင်သီဆိုထားတယ်လို့ဆိုပါတယ်။ အဲဒီနေ့မှာ ဒေါ်အောင်ဆန်းစုကြည်လည်းတက်ရောက်မိန့်ခွန်းပြောကြားခဲ့တယ်လို့ သတင်းကဆိုပါတယ်။ (VOB Dec 2-2011)

## ဘယ်လာရုစ်ဝန်ကြီးချုပ် နေပြည်တော်ရောက်

မြန်မာနိုင်ငံရောက်နေတဲ့ဘယ်လာရုစ်နိုင်ငံမှ ဝန်ကြီးချုပ် Dr. Mikhail V. Myasnikovich နဲ့ သမတဦးသိန်းစိန်တို့တွေ့ဆွေးနွေးပြီးတဲ့နောက် နှစ်နိုင်ငံ သဘောတူစာချုပ်များချုပ်ဆိုခဲ့တယ်လို့ဆိုပါတယ်။ စီးပွားရေး ပညာရေးနဲ့စိုက်ပျိုးရေးကဏ္ဍတွေနဲ့ပတ်သက်တဲ့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးစာချုပ်ဖြစ်တယ်လို့ဆိုပါတယ်။ Myasnikovich ဟာ သမတအပြင် ဦးခင်အောင်မြင့် ဦးရွှေမန်းနဲ့ ဦးဝဏ္ဏမောင်လွင်တို့နဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့တယ်လို့သတင်းကဆိုပါတယ်။ (Xinhua Dec 2-2011)

# ကချင်စစ်ပြေးဒုက္ခသည်များအား လူမှုရေးအဖွဲ့အစည်းများမှ အကူအညီပေး

**DVB၊ ဒီဇင်ဘာ ၁ ။** ။ ကချင်ပြည်နယ်က စစ်ပြေးဒုက္ခသည်ထောင်ပေါင်းများစွာကို အကူအညီပေးဖို့ ရန်ကုန်၊ မန္တလေးက လူမှုရေးအဖွဲ့တွေ လာမယ့်စနေနေ့နဲ့ တနင်္ဂနွေနေ့တွေမှာ သွားရောက်မယ်လို့ သိရပါတယ်။

ရန်ကုန်အခြေစိုက် ကိုကျော်သူရဲ့ နာရေးကူညီမှုအသင်း၊ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့၊ မန္တလေးက ဘ၀အလင်း ပရဟိတအသင်း၊ ကလေးချစ်သူများကွန်ရက်တို့က မြစ်ကြီးနားနဲ့ ဝိုင်းမော်ဒေသတဝိုက်က ဒုက္ခသည်တွေဆီ အဓိကသွားရောက်ဖို့ ပြင်ဆင်နေတာပါ။ လာမယ့်စနေနေ့မှာပဲ မန္တလေးမြို့ကနေ မြစ်ကြီးနားကို သွားရောက်မယ့် အဖွဲ့ကိုဦးဆောင်တဲ့ မန္တလေးမြို့က ဘ၀အလင်း ပရဟိတအသင်းရဲ့ ဦးဆောင်ဆရာတော် ဦးဥတ္တမသာရက အခုလို မိန့်ကြားပါတယ်။

"ရန်ကုန်ကနာရေးကူညီမှုရယ်၊ ဦးဇင်းတို့ရယ်၊ နောက်ပြီး ကျတော့ ၈၈ ကျောင်းသားအဖွဲ့ရယ်ပေါ့ သူတို့နဲ့ ဦးဇင်းတို့အားလုံး ၃ ဖွဲ့ပေါင်းပြီးတော့သွားတာပေါ့။ ရန်ကုန်နာရေးကတော့ သိန်း ၂၀၀ မတည်တာပေါ့။ ဦးဇင်းတို့ ငွေသား ၇၀ လောက်တော့ပါမယ်။ ပစ္စည်းကဆပ်ပြာ၊ ကျောင်းသုံးစာအုပ်၊ ကလေးတွေအတွက် မုန့်၊ ဆေးပစ္စည်းတွေနဲ့ ဆရာဝန်တွေနဲ့ပါမယ်။ ပိုက်ဆံပေါ့ အဓိက ကတော့။ ဟို ကျမှ စောင်တို့ အနွေးထည်တို့ထပ်ဝယ်မယ်။"

မြစ်ကြီးနားနဲ့ ဝိုင်းမော်တဝိုက်က ခရစ်ယံဘုရားကျောင်းတွေမှာ ရှိတဲ့ စစ်ပြေးဒုက္ခသည်ပေါင်း ၁ သောင်းဝန်းကျင်ဆီကိုသွားရောက်ဖို့ ရည်ရွယ်တယ်လို့ ဦးဥတ္တမသာရက မိန့်ကြားပါတယ်။

စနေနေ့အဖွဲ့မှာ လိုက်ပါသွားမယ့် ၈၈ မျိုးဆက်ကျောင်းသားများ အဖွဲ့က ကိုမြတ်သူကလည်း အခုလို ပြောပါတယ်။

"မြန်မာဘက်က ပြည်သူတွေလည်း အလှမ်းဝေးနေတော့လေ သူတို့လည်း အာရုံစိုက်လာအောင် ဒီ ကချင်ပြည်သူတွေအပေါ်မှာလူသားချင်းကူညီတဲ့ဟာတွေကိုပေးပြီးတော့မှ စစ်ဘေးဒဏ်သင့်တဲ့ ပြည်သူတွေဘက်ကနေပြီးတော့မှ ရပ်တည်တဲ့ဟာကိုလည်း နည်းနည်းပြတာပေါ့။ ကချင်ပြည်သူတွေဘက်က ကျနော်တို့ ရပ်တည်ပြပြီးတော့မှ ငြိမ်းချမ်းရေးအတွက် ပြည်တွင်းစစ်ရပ်စဲရေးအတွက်ကို ကျနော်တို့က သွယ်ဝိုက်တဲ့နည်းနဲ့ တောင်းဆိုတဲ့သဘောပါပဲ ခင်ဗျ။"

အလားတူ မန္တလေးမြို့လူမှုရေးအဖွဲ့ငယ် ၁၀ နဲ့ဖွဲ့ထားတဲ့ ကလေးချစ်သူများကွန်ရက်ကလည်း လာမယ့် တနင်္ဂနွေနေ့မှာ မြစ်ကြီးနားကို သွားရောက်ဖို့ ပြင်ဆင်နေတယ်လို့ အဖွဲ့ဝင်တဦးက ပြောပါတယ်။

"မြစ်ကြီးနားကို ရောက်မှပဲ။ အဲဒီကနေ ဒေသခံတွေရဲ့ သူတို့ရဲ့ နယ်မြေနဲ့ ကျနော်တို့သွားလို့ရမယ့် နေရာအထိတော့ သွားမယ်ပေါ့။သူတို့ခွင့်ပြုနိုင်တဲ့နေရာမျိုးထိတော့ ကျနော်တို့ ရောက်အောင်သွားမယ်။ အနွေးထည်တို့၊ စောင်တို့ လက်ရှိ ကျနော်တို့ကွန်ရက်အနေနဲ့ ရထားတာ သိန်း ၂၀ ပတ်ဝန်းကျင်လောက်ရှိပါတယ်။ "

ကချင်ပြည်နယ်တွင်းတိုက်ပွဲကြောင့်ဒေသခံ၅သောင်းဝန်းကျင် ထွက်ပြေးတိမ်းရှောင်နေကြရတယ်လို့ ဒုက္ခသည်အကူအညီပေးရေးအဖွဲ့တွေနဲ့ ကချင်လူမှုအဖွဲ့တွေကဆိုပါတယ်။

---

## မြန်မာ့ပဏာမငြိမ်းချမ်းရေးကြိုးပမ်းချက် ICG ထုတ်ပြန်

**BBC ၊ နိုဝင်ဘာ ၃၀ ။** ။ မြန်မာနိုင်ငံမှာ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကြား ပြုလုပ်နေတဲ့ ငြိမ်းချမ်းရေး ပဏာမကြိုးပမ်းချက်တွေနဲ့ ပတ်သက်တဲ့ အစီရင်ခံစာတစောင်ကို ICG နိုင်ငံတကာပဋိပက္ခလေ့လာစောင့်ကြည့်ရေးအဖွဲ့က ဗုဒ္ဓဟူးနေ့မှာ ထုတ်ပြန်လိုက်ပါတယ်။

ငြိမ်းချမ်းရေး ပဏာမဆောင်ရွက်ချက်သစ်လို့ အမည်ပေးထားတဲ့ ဒီ အစီရင်ခံစာဟာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hilary Clinton ရဲ့ မြန်မာနိုင်ငံခရီးစဉ်နဲ့ အချိန်ကိုက်ထွက်ပေါ်လာတာဖြစ်ပါတယ်။

သမတဦးသိန်းစိန်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးတဲ့ကိစ္စဟာ အရေးပါတယ်ဆိုတာကို လက်ခံ အသိအမှတ်ပြုထားပြီး အစိုးရက ဦးစားပေးဆောင်ရွက်သွားမယ်လို့ ကတိပေးခဲ့တဲ့ အတိုင်း အခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေး ပဏာမဆောင်ရွက်ချက်တွေစလုပ်နေပြီဖြစ်ကြောင်း အစီ ရင်ခံစာမှာဖော်ပြထားပါတယ်။

နယ်ခြားစောင့်တပ်ဖွဲ့ရေးလိုတောင်းဆိုချက်မျိုးကို အစိုးရဘက်ကဆက်မတောင်းဆိုတော့ဘဲ အပစ်ရပ်ရေး ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်လာတာတွေ့ရကြောင်းကိုလည်း ဖော်ပြထားပါတယ်။ ဒါပေမယ့်လည်း အပစ်အခတ်ရပ်စဲရေးအဆင့်ထက် ရေရှည်ငြိမ်းချမ်းရေးအတွက် အဖြေရှာဖို့လိုတယ်လို့ ICG အရှေ့တောင်အာရှ စီမံကိန်းဒါရိုက် တာ Jim Della Giacoma ကပြောပါတယ်။

ကချင်ပြည်နယ်နဲ့ကရင်ပြည်နယ်တွေမှာ အစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား တိုက်ပွဲတချို့ ဖြစ်နေဆဲဖြစ်ပေမယ့် သမတဦးသိန်းစိန် အစိုးရအနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ တကယ်ဘဲငြိမ်းချမ်းရေးရလိုတဲ့ ကြိုးပမ်းမှုမျိုးတွေ ဆောင်ရွက်လာတာတွေ့ရပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကလည်း ဆွေးနွေးမှုတွေမှာ တစတစဝင်ပါလာတာတွေ့နေရတယ်လို့ဆိုပါတယ်။

ဒီပဏာမ ဆွေးနွေးမှုတွေကနေ စစ်မှန်တဲ့ တိုးတက်ဖြစ်ထွန်းမှုတွေဖြစ်လာမယ်ဆိုရင် ရေရှည်ငြိမ်းချမ်းရေးအတွက် လမ်းစဖြစ်လာမယ်လို့ Jim Della Giacoma က ပြောပါတယ်။

---

## အမေရိကန်အဆိုပြုချက် UNFC ကြိုဆိုထောက်ခံ

**BBC၊ ဒီဇင်ဘာ ၁ ။** ။ မြန်မာသမတဦးသိန်းစိန်နဲ့တွေ့ဆုံစဉ် အမေရိ ကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန် တိုက်တွန်းပြောဆိုသွားတဲ့ အချက်တွေထဲမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ စစ်ပွဲတွေ ရပ်ဆိုင်းရေးအတွက် အဆိုပြုချက်တွေလည်း ပါဝင်ပါတယ်။

ပဋိပက္ခစစ်ပွဲတွေ ဖြစ်ပွားနေရာဒေသတွေမှာ နိုင်ငံတကာလူ့အခွင့် အရေးအဖွဲ့အစည်းတွေဝင်ရောက်လေ့လာခွင့်ပြုဖို့ သမတဦးသိန်းစိန်ကို မစ္စစ်ကလင်တန်က တိုက်တွန်းပြောဆိုသွားပါတယ်။

UNFC ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖယ်ဒရယ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ၂ စောဒေးဗစ်သာကဘောက မစ္စစ်ကလင်တန်ရဲ့အဆိုပြုချက်ကို ကြိုဆိုထောက်ခံလိုက်ပြီး ပဋိပက္ခတွေဖြစ်နေတဲ့ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်စတဲ့ဒေသတွေမှာ လူ့အခွင့်ချိုးဖောက်မှုတွေရှိနေတာကြောင့် အခုလို လူ့အခွင့်အရေးအဖွဲ့အစည်းတွေ လာရောက်တာဟာ ကောင်းတယ်လို့ယူဆကြောင်း BBC ကိုပြောပါ တယ်။

တိုင်းရင်းသားအရေးနဲ့ပတ်သက်လို့ အမေရိကန်အစိုးရရဲ့ ချဉ်းကပ်ဆောင်ရွက်မှုတွေဟာ ငြိမ်းချမ်းတဲ့နည်းနဲ့ ပြဿနာဖြေရှင်းရေးမှာ အထောက်အကူဖြစ်တယ်လို့မြင်ကြောင်း ဒေသတခုလုံး တည်ငြိမ်အေးချမ်းရေးကို ရှေ့ရှုပြီး အမေရိကန်ဘက်က အခုလို ဆောင်ရွက်တာလို့ယူဆကြောင်း စောဒေးဗစ်တာကဘောကပြောပါတယ်။

မြန်မာနိုင်ငံမှာ ဒီမိုကရေစီပိုပြီပြင်ပြင်ဖြစ်လာဖို့ အရေးကြီးကြောင်းနဲ့ မြန်မာအစိုးရဘက်က နိုင်ငံရေးအကျဉ်းသားတွေအားလုံးလွှတ်ပေးတာမျိုး၊ မီဒီယာလွတ်လပ်ခွင့်ပေးတာမျိုး၊ တိုင်းရင်းသားတွေနဲ့ အနှစ်သာရရှိတဲ့ နိုင်ငံရေးဆွေးနွေးမှုတွေလုပ်တာမျိုးတွေ ဖြစ်လာမှသာ အမေရိကန်အစိုးရအနေနဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေ ရုတ်သိမ်းပေးသင့် တယ်လို့လည်း UNFC ဒုတိယဥက္ကဋ္ဌ ၂ စောဒေးဗစ်တာကဘောက ပြောသွားပါတယ်။

**ပြက္ခဒိန်မှ**

**ဒီဇင်ဘာ ၁ ၊** CNN ။ ။ ကလင်တန်သည် သမတ အိုးဘားမားထံမှ ကိုယ်တိုင်ရေးစာကို ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့စဉ်ပေးအပ်၏။

**ဒီဇင်ဘာ ၁ ၊** WP ။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့် ညစာမစားမီ အစိုးရထိပ်သီးများနှင့်တွေ့စဉ် ပြုပြောင်းပြောင်းလဲမှုများ ပိုမိုလုပ်ရန်ငင်း၊ တိုင်းရင်းလူနည်းစုများအပေါ် အကြမ်းဖက်မှုများရပ်တန့်ရန်နှင့် မြောက်ကိုရီးယားနှင့် စစ်နှင့်လက်နက်ရေးရာ ပူးပေါင်းဆောင်ရွက်မှုများ ရပ်တန့်ရန်တောင်းဆိုခဲ့၏။

**ဒီဇင်ဘာ ၁ ၊** Irrawaddy ။ ။ ဝန်ကြီးချုပ်ဦးသိန်းစိန်၏ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းရေးစွန့်စားမှုသည် မျှော်လင့်ချက်ရောင်ချည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ကပ်ဆိုက်မှုဆိုင်ရာအဖွဲ့ International Crisis Group မှဆို၏။

**ဒီဇင်ဘာ ၁ ၊** Mizzima ။ ။ နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်စေရမည်ဟု အောက်လွှတ်တော်၏ ပြောရေးဆိုခွင့်ရှိသူ သူရရွှေမန်းမှ ကလင်တန်သို့ ကတိပေးခဲ့ကြောင်း။

**ဒီဇင်ဘာ ၁ ၊** Mizzima ။ ။ ရန်ကုန်မှ Free Funeral Service Society သည် ကချင်ဒုက္ခသည်များအတွက် စောင်နှင့်အနွေးထည်များ ပို့ခဲ့၏။

**ဒီဇင်ဘာ ၁ ၊** DVB ။ ။လွတ်ငြိမ်းချမ်းသာခွင့်ဖြင့်လွတ်လာခဲ့သော နိုင်ငံရေးအကျဉ်းကျကိုဇော်လင်းထွတ်သည် နာတာရှည်ကင်ဆာရောဂါဖြင့် ပဲခူးတိုင်းနေအိမ်တွင် ကွယ်လွန်ခဲ့ကြောင်း ယနေ့သိရကြောင်း။

**ဒီဇင်ဘာ ၁ ၊ ရောဝတီ ။** ။ မြန်မာအပေါ် ပိတ်ဆို့မှုများဖယ်ရှားရန် တရုတ်မှတောင်းဆို၏။

**ဒီဇင်ဘာ ၁ ၊** BBC ။ ။ မြန်မာတွင် ပြုပြင်ပြောင်းလဲမှုများသည် အားတက်စရာဖြစ်ကြောင်း၊ သို့သော် အစသာဖြစ်သေးပြီး၊ မလုံလောက်သေးဟု နေပြည်တော်တွင် မြန်မာသမတနှင့်တွေ့စဉ် ကလင်တန်မှဆို၏။

**ဒီဇင်ဘာ ၂ ၊ ရောဝတီ ။** ။ နိုင်ငံရေးအကျဉ်းသားများနှင့် လူမှုကူညီရေးအသင်းများအား ဟီလာရီတွေ့ ဆုံ၏။

**ဒီဇင်ဘာ ၂ ၊** RGN ။ ။ ကလင်တန်သည် မြနမာသုံးရက်ခရီး အဆုံးမသတ်မီ ဒေါ်အောင်ဆန်းစုကြည် နှင့်တရားဝင်တွေ့ဆုံ၏။

**ဒီဇင်ဘာ ၂ ၊ ရောဝတီ ။** ။ SSA (တောင်)နှင့် အစိုးရတပ်တို့ အပစ်အခတ်ရပ်စဲ၏ရန်သဘောတူခဲ့၏။

**ဒီဇင်ဘာ ၂ ၊** BBC ။ ။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒပြခွင့် ဥပဒေသည် သမတဦးသိန်းစိန်မှ လက်မှတ်ရေးထိုးအပြီး ယနေ့ နေ့စွဲဖြင့် အတည်ဖြစ်လာ၏။

**ဒီဇင်ဘာ ၂ ၊ ရောဝတီ ။** ။ အကျင့်ပျက်ချစား နိုင်ငံစာရင်းတွင် မြန်မာလည်းပါ၏။

**ဒီဇင်ဘာ ၂ ၊** Rtrs ။ ။ ကလင်တန်၏ မြန်မာခရီးစဉ်ဖြစ်သည့် အမေရိကန်၏ မြန်မာနှင့် ပြန်လည်တိုးမြှင့်ဆက်ဆံမှုကို မြန်မာအား ဒီမိုကရေစီ သို့ ခြေလှမ်းအဖြစ်မှ ဒေါ်အောင်ဆန်းစုကြည်မှ ကြိုဆိုခဲ့ကြောင်း။

**ဒီဇင်ဘာ ၂ ၊** BKK-AP ။ ။ ရှမ်းသူပုန်များသည် မြန်မာအစိုးရကိုယ်စားလှယ်များနှင့် အကြိုအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ ကြောင်း။

**ဒီဇင်ဘာ ၂ ၊** WTN Post ။ ။ မြန်မာတွင် ဒီမိုကရေစီထွန်းကားရေးကြိုးပမ်းရန် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်နိုင်ငံခြားရေးတာဝန်ခံ ကလင်တန်တို့ ကတိပြုခဲ့ကြောင်း။

**ဒီဇင်ဘာ ၂ ၊** Time Magazina ။ ။ ကလင်တန်ခရီးစဉ်တွင် တိုင်းရင်းသားများအရေး ဘေးချိတ်ခံရမည်လောဟု Hannah Beech မှ သတင်းဝေဖန်၏။

**ဒီဇင်ဘာ ၂ ၊** Telegraph, UK ။ ။ ကလင်တန်၏ခရီးစဉ်ရလဒ်အဖြစ် မြန်မာနိုင်ငံရေးအကျဉ်းသားများမကြာမီ လွတ်မြောက်ဖွယ်ရှိကြောင်း Dean Nelson မှ သတင်းဝေဖန်၏။

**ဒီဇင်ဘာ ၂၊** New Straits Times ။ ။ မြန်မာပြုပြင်ပြောင်းလဲမှုများသည် တောင်သူလယ်သမားများနှင့် ကျေးရွာဇနပုဒ်အထိ ရောက်ရန်လိုသေးကြောင်း ရွာသူရွာသား လယ်သမားများမှဆို၏။

**ဒီဇင်ဘာ ၂ ၊** Mizzima ။ ။ ကလင်တန်သည် တိုင်းရင်းသားအဖွဲ့များနှင့်လည်း ဆွေးနွေးခဲ့ကြောင်း။

**ဒီဇင်ဘာ ၂၊** Mizzima ။ ။ မြောက်ကိုးရီးယားနှင့် စစ်လက်နက်ရေးရာအဆက်အသွယ်များ ရပ်ဆိုင်းမည်ဟု မြန်မာ၏ကတိပေးချက်ကို အမေရိကန်မှကြိုဆိုကြောင်း ကလင်တန်မှဆို၏။

**ဒီဝင်ဘာ ၂ ၊** DVB ။ ။ ကမ္ဘာ့ဘဏ်နှင့် ကမ္ဘာ့ငွေကြေးအဖွဲ့၏ မြန်မာသို့ဝင်ခွင့်ကို အမေရိကန် ကန့်ကွက်ထားမှုကို ရုတ်သိမ်းကြောင်း အမေရိကန်မှဆို၏။

**ဒီဇင်ဘာ ၂ ၊** BBC ။ ။ ဗြိတိန်ရှိ Catham House အဖွဲ့ သည် ဒေါ်အောင်ဆန်းစုကြည်အား ၂၀၁၁ Chatham House ချီးမြှင့်လိုက်ရာ အမေရိကန်နိုင်ငံခြားရေးတာဝန်ခံဟောင်း Madelein Albright မှ ကိုယ်စားဆုယူခဲ့၏။

**ဒီဇင်ဘာ ၃ ၊** BBC ။ ။ ကလင်တန်သည် မြန်မာတွင်ရှိစဉ် လူမှုရေး၊ ဘာသာရေးနှင့် စာပေအနုပညာ အသိုင်းအဝိုင်းမှ ရွှေညဝါဆရာတော်၊ ဇာဂနာ၊ ဒေါ်ဖြူဖြူသင်း၊ ဒေါ်ရွှေဇီးကွက်၊ မောင်ဝံသ၊ ဒေါက်တာနေဝင်း(အီးဂဇက်) စသည့် ပုဂ္ဂိုလ်များနှင့် တွေ့ ဆုံဆွေးနွေးခဲ့၏။

**ဒီဇင်ဘာ ၃ ၊** BBC ။ ။ ကေအင်ယူနှင့်အစိုးရ ဆွေးနွေးနေစဉ် ယမန်နေ့တိုက်ပွဲတွင် နှစ်ဖက်အသေအပျောက်ရှိခဲ့ကြောင်း။

**ဒီဇင်ဘာ ၃ ၊** RFA ။ ။ ညီညွတ်သောတိုင်းရင်းသားများ ဖယ်ဒရယ်ကောင်စီ UNFC မှ ပြည်ထောင်စု တပ်မတော်တရပ် ဖွဲ့စည်းရန် နိုဝင်ဘာ ၂၆၊ ၃၀ အစည်းအဝေးမှဆုံးဖြတ်လိုက်၏။

**ဒီဇင်ဘာ ၃ ၊** Bloomberg ။ ။ မိမိသည်မြန်မာကို သတိဖြင့်သုံးသပ်နေပြီး မြန်မာသို့ အသေးချေးငွေပေးသူများ၊ဆေးကုသပေးသူများ၊ အင်္ဂလိပ်စာသင်တန်းပေးသူများ၊ မြေမြှုပ်မိုင်းဒုက္ခသည်များအား ကူညီရန် ဒေါ်လာ ၁.၂ သန်းကုန်ကျမည့် စီမံကိန်းများရှိကြောင်း မြန်မာမှအပြန် ကလင်တန်မှဆို၏။

**ဒီဇင်ဘာ ၃ ၊** Jong Ang Daily, S Korea ။ ။ မြောက်ကိုးရီးယားနှင့် စစ်လက်နက်ပူးပေါင်းဆောင်ရွက်မှုများ ရပ်တန့်ရန် အမေရိကန်နိုင်ငံခြားရေးတာဝန်ခံကလင် တန်မှ မြန်မာသို့ ဖိအားပေးပြောခဲ့ကြောင်း။

# အကျဉ်းထောင်များမှာ နိုင်ငံရေးအကျဉ်းသား ၉၀၀ ရှိကြောင်း စာရင်းထုတ်ပြန်

**DVB၊ နိုဝင်ဘာ ၂၉။** ။ အကျဉ်းထောင်အသီးသီးမှာ နိုင်ငံရေးအကျဉ်းသား ၉၀၀ ခန့်ရှိတဲ့အကြောင်း စာရင်းထုတ်ပြန်ပြီး အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ ပေးပို့သွားနိုင်းသွားမယ်လို့ နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးလှုပ်ရှားမှုကွန်ရက်ကပြောပါတယ်။

နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး လှုပ်ရှားမှုကွန်ရက်ကပြုစုထားတဲ့ နိုင်ငံရေးအကျဉ်းသားစာရင်းဟာ လက်ရှိ အကျဉ်းထောင်ထဲရှိနေတဲ့ နိုင်ငံရေးအကျဉ်းသားစာရင်းနဲ့ အနီးစပ်ဆုံးဖြစ်တယ်လို့လည်း ကွန်ရက်အဖွဲ့ဝင် ကိုတိုးကျော်လှိုင်က ပြောပါတယ်။

မကြာခင်က ထောင်အသီးသီးမှလွတ်မြောက်လာသူတွေ၊ ဒေသခံတွေကို ဖုန်းအကြိမ်ပေါင်း ရာနဲ့ချီဆက်သွယ်မေးမြန်းစိစစ်ထားတယ်လို့ဆိုပါတယ်။

အကျဉ်းသားစာရင်းပြုစုတဲ့နေရာမှာ ထောင်တာဝန်ရှိသူတွေကိုရော ဆက်သွယ်မေးမြန်းစုံစမ်းတာမျိုး ရှိ မရှိဆိုတာနဲ့ပတ်သက်လို့ ကိုတိုးကျော်လှိုင်က ခုလိုပြောပါတယ်။

"ထောင်အာဏာပိုင်တွေနဲ့ဆက်သွယ်ပြီး ရယူဖို့ကလည်း ခက်ပါတယ်ဗျ။ ထောင်အာဏာပိုင်ဘက်ကလည်းပဲ နိုင်ငံရေးအကျဉ်းသားကို ဘယ်လိုဥပဒေတွေနဲ့ အကျုံးဝင်တယ်ဆိုတာလည်း သူတို့ သေချာပြောရခက်ပါလိမ့်မယ်။ တချို့ကျတော့လည်း နိုင်ငံရေးလှုပ်ရှားမှုနဲ့ အဖမ်းခံရပေမယ့်လည်း နိုင်ငံရေးပုဒ်မ တပ်ထားခံရတာ မဟုတ်တာတွေလည်း ရှိပါတယ်။"

နိုင်ငံရေးအကျဉ်းသား ၉၀၀ စာရင်းကို ဒီအပတ်ထဲထုတ်ပြန်ဖို့ရှိပြီး လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌဦးဝင်းမြနဲ့ အကျဉ်းသားလွတ်မြောက်ရေးကွန်ရက်အဖွဲ့တို့ တွေ့ဆုံသွားဖို့ရှိတယ်လို့လည်း ပြောပါတယ်။

"လက်ရှိနိုင်ငံရေးအကျဉ်းသားစာရင်း ကျနော်တို့စာရင်းက အန်အယ်လ်ဒီစာရင်းနဲ့လည်းမတူဘူး။ အစိုးရရဲ့ စာရင်းနဲ့လည်းမတူဘူး။ အေအေပီပီစာရင်းနဲ့လည်းမတူဘူး။ ကျနော်တို့စာရင်းကတော့ အနီးစပ်ဆုံးဖြစ်နိုင်တယ်။ သေသေချာချာလည်း လုပ်ထားပါတယ်။ ပြီးရင် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌဦးဝင်းမြနဲ့ ကျနော်တို့အဖွဲ့တွေ့မယ်။ တွေ့ပြီးရင် ဒီစာရင်းအတိုင်းလေး တိုက်ပေးဖို့ရာ ကျနော်တို့မေတ္တာရပ်ခံမယ်။ နိုင်ငံရေးအကျဉ်းသားကိစ္စ စကားပြောမယ်ဆိုရင် ဒီစာရင်းကိုကိုင်ပြီးပြောဖို့ရာ ကျနော်တို့ညှိမယ်ဗျ။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထုတ်ပြန်တဲ့စာရင်းမှာ နိုင်ငံရေးအကျဉ်းသား ၅၉၀ ခန့်၊ ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း အေအေပီပီ-ဘီရဲ့စာရင်းမှာ နိုင်ငံရေးအကျဉ်းသား ၁၆၀၀ ကျော်ရှိပါတယ်။

နိုဝင်ဘာ ၁၂ ရက်ကထုတ်ပြန်တဲ့ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့ ကြေညာချက်မှာတော့ နိုင်ငံရေးအကျဉ်းသား ၅၀၀ လောက်ပဲရှိပြီး အဲ့ဒီထဲက ၂၀၀ ကျော် ပြန်လွတ်ပေးပြီးဖြစ်တယ်လို့ ဖော်ပြပါရှိပါတယ်။

# ဒေါ်စုအမှတ်တရပစ္စည်းအရောင်းသွက်

**RFA၊ နိုဝင်ဘာ ၂၉ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်တဲ့ ဗွီနိုင်း (V 9) နံရံချိတ်ပိုစတာတွေ တီရှပ်နဲ့ လူ့အသုံးအဆောင်ပစ္စည်းတွေကို အင်န်အယ်လ်ဒီပါတီဌာနချုပ် ရွှေဂုံတိုင်ရုံးမှာ အခုရက်ပိုင်းအတွင်း ၂ ဆနီးပါး ရောင်းချနေရကြောင်း သိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ပုံတွေသာမက အမျိုးသား ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ပုံတွေလည်း အရောင်းသွက်နေပြီး ဒီကနေ့မှာတင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဗွီနိုင်းပုံတွေ အကုန်ရောင်းလိုက်ရတယ်လို့ အင်န်အယ်လ်ဒီပါတီ ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်ကပြောပါတယ်။

အင်န်အယ်လ်ဒီရုံးချုပ်မှာ ဖွင့်လှစ်ထားတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်ချုပ်အောင်ဆန်း အမှတ်တရပစ္စည်းအရောင်းဆိုင်မှာ တိုင်းနဲ့ပြည်နယ်အသီးသီးက အင်န်အယ်လ်ဒီပါတီဝင်တွေ ဝယ်ယူကြသလို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်ရဲ့ မြန်မာပြည်ခရီးစဉ်အတွက် သတင်းယူဖို့ရောက်နေကြတဲ့ နိုင်ငံခြားသားသတင်းထောက်တွေနဲ့ ကမ္ဘာလှည့်ခရီးသည်တွေကလည်း ဝယ်ယူနေကြတယ်လို့သိရပါတယ်။

ဟီလာရီကလင်တန်က ဒီဇင်ဘာ ၂ ရက်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်မှာ လာရောက်တွေ့ဆုံဖို့ရှိတာကြောင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ဝင်းအတွင်းနဲ့ ခြံပြင်တစ်ဝိုက်ကို စစ်ဝတ်စုံပြည့် အမေရိကန် ကွန်မန်ဒိုတပ်သားတွေ ဒီကနေ့ကစပြီး လုံခြုံရေး ယူထားလိုက်ပြီလို့သိရပါတယ်။

# သကလင်တန်ခရီးစဉ် သတင်းထောက်များကန့်သတ်

**RFA၊ နိုဝင်ဘာ ၂၈ ။** ။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်ရဲ့ မြန်မာနိုင်ငံခရီးစဉ်အတွင်း သတင်းယူမယ့် သတင်းထောက်အရေအတွက်ကို ကန့်သတ်ထားတယ်လို့သိရပါတယ်။

ဒီဇင်ဘာ ၂ရက်မှာနိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်ဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးဖို့ရှိတယ်လို့သိရပါတယ်။

အဲဒီနေ့တွေ့ဆုံအပြီးမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဟီလာရီကလင်တန်တို့ ပူးတွဲသတင်းစာရှင်းလင်းပွဲကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ခြံဝင်းအတွင်းမှာ ကျင်းပဖို့ရှိပြီး နေရာထိုင်ခင်းအခြေအနေအရ သတင်းထောက်အရေအတွက်ကို ကန့်သတ်ထားတယ်လို့ ပြောရေးဆိုခွင့်ရှိသူ ဦးအုန်းကြိုင်ကပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ခြံဝင်း အတွင်း အပြင် လုံခြုံရေးအတွက် အမေရိကန်သံရုံးကလည်း ပူးတွဲတာဝန်ယူထားမှာဖြစ်ကြောင်း မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း တာဝန်ရှိသူတစ်ဦးကပြောပါတယ်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးရဲ့ မြန်မာနိုင်ငံခရီးစဉ်အတွင်း သတင်းယူနိုင်ဖို့ အစိုးရအသိအမှတ်ပြုထားတဲ့ ပြည်တွင်းသတင်းမီဒီယာတွေ ပတ်စပို့ ဓာတ်ပုံ ၄ ပုံ အပါအဝင် ကိုယ်ရေး အချက်အလက်တွေနဲ့တကွ လျှောက်ထားကြရကြောင်းသိရပါတယ်။

ဒါပေမယ့် ပြည်ပသတင်းမီဒီယာတွေနဲ့ အလွတ်သတင်းထောက်တွေ အခုအချိန်ထိ ခွင့်ပြုချက်မရသေးဘူးလို့ အလွတ်သတင်းထောက်တစ်ဦးကဆိုပါတယ်။

# အမေရိကန်အနေနဲ့ စီးပွားရေးဒဏ်ခတ်တာရုတ်သိမ်းပေးဖို့ မြန်မာမျှော်လင့်

**VOA၊ နိုဝင်ဘာ ၂၈ ။** ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဒီတပတ်ထဲ မြန်မာနိုင်ငံကိုသွားရောက်ဖို့အထိ ဆက်ဆံရေးတွေ တိုးတက်လာနေတဲ့အတွက် မြန်မာအစိုးရအပေါ် ပိတ်ဆို့ဒဏ်ခတ်အရေးယူမှုတွေ ရုပ်သိမ်းတဲ့အထိ မြန်မာအစိုးရဘက်ကမျှော်လင့်နေပါတယ်။

ရာစုနှစ်ဝက်အတွင်း ပထမဆုံးအကြိမ် မြန်မာနိုင်ငံခရီးစဉ်အဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလရီကလင်တန်ရဲ့ ခရီးစဉ်မှာတော့ မြန်မာနိုင်ငံကအပြောင်းအလဲတွေရဲ့ အခြေအနေတွေကို အကဲခတ်မှာဖြစ်ပြီး ဒီမိုကရေစီလိုလားတဲ့ အဖွဲ့အစည်းတွေနဲ့လည်း တွေ့ဆုံသွားမှာ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလရီကလင်တန် ဒီဇင်ဘာလ ၁ ရက်နေ့ကစလို့ ၂ ရက်ကြာ မြန်မာနိုင်ငံကိုသွားရောက်ဖို့ရှိ နေတာလို သံတမန်ဆက်ဆံရေးတွေ တိုးတက်လာနေတဲ့အတွက်အရေး ယူဒဏ်ခတ်ထားတာတွေ ရုပ်သိမ်းတဲ့အဆင့်အထိဖြစ်လာဖို့ မြန်မာအစိုးရဘက်မျှော်လင့်နေပါတယ်။ နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးမြန်မာနိုင်ငံ ခရီးစဉ်အ ဖြစ် ဒီတပတ်ထဲ မြန်မာနိုင်ငံကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီးရောက်လာမှာလို အပြန်အလှန်ဆက်ဆံမှုတွေ အားကောင်းလာနေတာမို့ နှစ်ဘက်ကြား ပုံမှန်အခြေအနေတွေကို ပြန်ရောက်လာဖို့ နီးစပ်လာနေပြီလို့ သမ္မတဦးသိန်းစိန်ရဲ့ နိုင်ငံရေးအကြံပေးပုဂ္ဂိုလ် ဦးနေဇင်လတ်က ဗွီအိုအေကိုပြောပါတယ်။

"ယေဘုယျသဘောပြောလို့ရှိရင်တော့ အမေရိကန်သံတမန်တွေ ဒီကိုလာတာ စိပ်လာတယ်ပေါ့ဗျာ။ နောက်တခါ တခါနဲ့တခါမှာ တဆင့်တဆင့် မြင့်လာတဲ့သံတမန်တွေ လာကြတယ်ပေါ့ဗျာ။ နောက်ဆုံးအနေနဲ့ ဆိုလို့ရှိရင်တော့ အခု နိုင်ငံခြားရေးဝန်ကြီး လာတယ်ပေါ့ဗျာ။ ဆိုတော့ အဲဒါကဘာလဲလို့ပြောရင်တော့ တိုးတက်မှုလို့ ပြောလို့ရတာပေါ့။ နောက်တခါ ဘာလီမှာ အိုဘားမားလည်းပြောသွားတယ်ကလင် တန်လည်း ပြောသွားတယ်ပေါ့ဗျာ ကျနော်တို့ဘက်က နည်းနည်းလေး လုပ်ပေးဖို့လေးတွေလိုမယ်။ ဒါဆိုလို့ရှိရင် သူတို့ ဘက်ကလည်း မိတ်ဆွေနိုင်ငံအနေနဲ့ထားဖို့ အဆင်သင့်ရှိနေမယ်ဆိုတာမျိုး ပြောတဲ့ အခါကျတော့ အဖြေက ထွက်နေပြီပေါ့ဗျာ။ ကျနော်တို့ လုပ်ပေးဖို့က နည်းနည်းပဲကျန်တာကိုး။ တကယ့် အဓိကဟာကြီးက လုပ်ပေးပြီးသွားပြီဆိုတဲ့အခါကျတော့ သူတို့ sanctions ပိတ်ဆို့ဒဏ် ခတ်မှုကို ပြန်စဉ်းစားမှာပါ။"

ဒီခရီးစဉ်အတွင်းမှာ နိုင်ငံခြားရေးဝန်ကြီးကလင်တန်ဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ လာမယ့် သောကြာနေ့မှာ တွေ့ဆုံသွားမှာဖြစ်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် NLD ပါတီရဲ့ ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ဗွီအိုအေကို ပြောပါတယ်။

"အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်နဲ့ကျနော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် စီအီးစီတွေနဲ့ တွေ့ဆုံပွဲက ဒီဇင်ဘာ ၂ ရက်နေ့မှာ ဖြစ်မှာပါ။ တွေ့ဆုံမယ့်နေရာကတော့ အထွေထွေအတွင်းရေးမှူးရဲ့နေအိမ်လို့ ကျနော်တို့သိပါတယ်။ နေ့လယ် စောစောပိုင်းဖြစ်မယ်လို့ဆိုပါတယ်။

အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နဲ့ ခု ထိတော့ အရင်တွေ့ဆုံဆွေးနွေးပါမယ်။ ပြီးတော့မှ ကျနော်တို့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနဲ့ တွေ့ဆုံမှာဖြစ်ပါတယ်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနဲ့တွေ့ဆုံတဲ့နေရာမှာ ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီ CRPP အဖွဲ့ဝင်တွေလည်းပါနိုင်တယ်လို့ ကျနော်ခုထိတော့ သိထား ပါတယ်။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကလင်တန်နဲ့တွေ့ဆုံတဲ့အခါ အဓိကထားဆွေးနွေးပြောဆိုသွားမယ့် အကြောင်းအရာတွေကိုတော့ လာမယ့် နိုဝင် ဘာလ ၃၀ ရက်နေ့မှာကျင်းပမယ့် ပါတီဗဟိုအလုပ်အမှုဆောင် အစည်းအဝေးမှာ ဆွေးနွေးဆုံးဖြတ်သွားမှာဖြစ်တယ်လို့ ဦးအုန်းကြိုင်က ပြောပါတယ်။

ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဝန်ကြီးကလင်တန်တို့တွေ့ဆုံ ဆွေးနွေးပြီးသွားတဲ့နောက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ခြံဝင်းအတွင်းမှာ သတင်းစာရှင်းလင်းပွဲကို တဆက်တည်း လုပ်သွားမှာ ဖြစ်တယ်လို့ ဦးအုန်းကြိုင်ကပြောပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟာ နေပြည်တော်ကိုသွားရောက်ပြီး မြန်မာအစိုးရတာဝန်ရှိသူတွေနဲ့ တွေ့ဆုံမှာဖြစ်ပါတယ်။ ဒါ့အပြင် ဝန်ကြီးကလင်တန်ဟာ နေပြည်တော်မှာရှိနေတဲ့ လွှတ် တော်ကိုယ်စားလှယ်တွေနဲ့လည်း တွေ့ဆုံသွားဖို့ရှိတယ်လို့လည်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီရဲ့ ခေါင်းဆောင် ဦးခင်မောင် ဆွေကပြောပါတယ်။ အဲဒီလိုတွေ့ဆုံတဲ့အခါကျရင် NDF ပါတီ လွှတ်တော်ကိုယ်စားလှယ်တွေ အနေနဲ့ ဆွေးနွေးတင်ပြသွားမယ့်အကြောင်းအရာနဲ့ ပတ်သက်ပြီးတော့ ဦးခင်မောင်ဆွေက -

"တိတိကျကျကတော့ ကျနော်တို့က မနက်ဖြန်ခါမနက်မှ ဆွေးနွေးပြီးတော့ သွားမယ့်လွှတ်တော်ကိုယ်စားလှယ်တွေကို မှာလိုက်ဖို့ပြင်ဆင်နေပါတယ်။ အဲဒီတော့ ဆုံးဖြတ်ချက်အရတော့ ပြောလို့မရသေး ပါဘူး။ ယေဘုယျတော့ ကျနော်ပြောရင် ပြောလို့ရပါတယ်။ ယေဘုယျကတော့ ကျနော်တို့ တလျှောက်လုံး တောင်းဆိုနေတဲ့ စီးပွားရေးပိတ်ဆို့မှု ပြန်လည်ရုပ်သိမ်းပေးဖို့ ချက်ချင်းမဟုတ်လည်းတစတစပေါ့ ဗျာ ရုတ်သိမ်းသွားဖို့ ဒါကျနော်တို့ ပြောနေတာရှိပါတယ်။ ဒါကလည်း ပဲ ကျနော်တို့ ပြောရမယ့်အချက်ထဲမှာ တချက်အနေနဲ့ပါမှာဖြစ်ပါတယ်။"

မြန်မာအစိုးရဘက်က ပြုပြင်ပြောင်းလဲရေးတွေ စတင်အကောင်အထည်ဖော်လာနေတာကို ကြိုဆိုအားပေးတဲ့အနေနဲ့ အမေရိကန်ဘက်ကလည်း ဒဏ်ခတ်ပိတ်ဆို့မှုတွေကို တစတစရုပ်သိမ်းသွားဖို့လိုတဲ့ အကြောင်းကို တင်ပြသွားမယ်လို့လည်း ဦးခင်မောင်ဆွေကပြောပါတယ်။ အမေရိကန်နဲ့ မြန်မာနိုင်ငံကြားမှာ ဆက်ဆံရေးတွေတိုးတက်လာပေမဲ့လည်း မြန်မာအစိုးရအပေါ် ပိတ်ဆို့ဒဏ်ခတ်မှုတွေ ရုတ်သိမ်းဦးမှာမဟုတ်ဘူးလို့ အမေရိကန်အဆင့်မြင့်အရာရှိတဦးက မကြာခင်က ပဲပြောခဲ့ပါတယ်။ ဒါ့အပြင် မြန်မာအစိုးရကဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံဆွေးနွေးတာအပါအဝင် နိုင်ငံရေးအကျဉ်းသားတချို့ကိုလွှတ်ပေးပြီးအပြုသဘောဆောင်တဲ့ခြေလှမ်းတွေကိုလှမ်းနေပေမဲ့လည်းစစမျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို ဆက်ပြီး ဖမ်းဆီးထိန်းသိမ်းထားတာ၊ တိုင်းရင်းသားဒေသတွေမှာ တိုက်ပွဲတွေ ဆက်လက်ဆင်နွှဲပြီး လူ့အခွင့်အရေးချိုးဖောက်တာတွေရှိနေတုန်းပဲလို့ ဝေဖန်သူတွေက ထောက်ပြနေကြပါတယ်။

# နိုင်ငံရေးအကျဉ်းသားဟောင်း ကိုဇော်လင်းထွန်း နေအိမ်တွင် ကွယ်လွန်

**DVB၊ နိုဝင်ဘာ ၃၀ ။** ။ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုဇော်လင်းထွန်း ဒီကနေ့ နေ့ခင်း ပဲခူးတိုင်း ကျောက်တံခါးမြို့ကနေအိမ်မှာ ကွယ်လွန်သွားပါတယ်။

ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခံထားရပြီး ပြီးခဲ့တဲ့အောက်တိုဘာ ၁၂ ရက်နေ့က သမ္မတရဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြန်လွတ်လာပြီး ထောင်တွင်းမှာကတည်းကခံစားခဲ့ရတဲ့ ကင်ဆာရောဂါနဲ့ ကွယ်လွန်သွားတာပါ။ ဒီနေ့ညနေ ၃ နာရီမှာ နေ့ချင်း သင်္ဂြိုဟ်ခဲ့တယ်လို့ ကိုဇော်လင်းထွန်း ထောင်တွင်းရှိနေစဉ် ကူညီစောင့်ရှောက်ခဲ့တဲ့ ဦးဌေးက ပြောပါ တယ်။

"ရောဂါက ရန်ကုန်မှာကတည်းက အထူးကုဆရာဝန်တွေက ၃ လကနေ ၆ လအတွင်းပဲခံမယ်ဆိုပြီးပြောတယ်။ သူကသေမယ့်တူတူ ဒီမှာဆေးမကုတော့ဘူး။ သူ့ရွာနေမှာပဲ အမေ့ရင်ခွင်မှာပဲ သေမယ်ဆိုပြီး ပြောတယ်။ သူ့အမေကလည်း ဒီကိုလိုက်မလာနိုင်ဘူးဆိုတော့လေ။ ကျနော်တို့လည်းဆေးရုံတင်ပြီး ဆက်ကုသဖို့ပြင်ဆင်ပါတယ်။ ဒါပေမယ့် သူကိုယ်တိုင်က သူ့အမေဒေသ သူ့မွေးရပ်မြေမှာပဲသေချင်တယ်ဆိုပြီး တော့ပြန်သွားတာပေါ့လေ။

ရောဂါကလည်းကျွမ်းနေပြီဆိုတော့ ကင်ဆာဆေးနဲ့မကုဘဲ ဝေဒနာသက်သာအောင် တခြားဆေးတွေပဲပေးရတာပေါ့။ ပြီးခဲ့တဲ့ ၂ ရက်လောက်ကစပြီးတော့ ရောဂါကဖောက်လာတယ်။ ကျနော်တို့ကိုအကြောင်းကြားတယ်။ သူခံတော့မှာမဟုတ်ဘူး။ ကျနော်တို့လိုက်သွားဖို့ ပြင်နေတုန်း ဒီနေ့ပဲဆုံးသွားတယ်လို့သိရတယ်။ ကင်ဆာဆိုတော့အားချင်းသင်္ဂြိုဟ်တယ်။"

ကွယ်လွန်ချိန်မှာ အသက် ၃၈ နှစ်ရှိပြီဖြစ်သည့် ကိုဇော်လင်းထွန်းဟာ မကွယ်လွန်ချိန်ထိ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးအတွက်တောင်းဆိုတဲ့ လက်မှတ်ရေးထိုးလှုပ်ရှားမှုမှာပါဝင်ခဲ့သူဖြစ်ပါတယ်။ ကိုဇော်လင်းထွန်းဟာ ထောင်ကျနေစဉ် အသည်းဘီပိုးတီဘီ၊ ကျောက်ကပ် စတဲ့ရောဂါတွေ ခံစားနေရတဲ့အတွက် ပြီးခဲ့တဲ့ဩဂုတ်လက ထောင်တွင်းမှာဆေးရုံတင်ခဲ့ရပါတယ်။

ရောဂါမသက်သာတာကြောင့် စက်တင်ဘာ ၁ ရက်နေ့ကသူ့ကို ထောင်အပြင် အင်းစိန်ဆေးရုံကြီးမှာ ပြောင်းရွှေ့ကုသခဲ့ရာမှာ ဆရာဝန်ရဲ့စစ်ဆေးချက်အရ အသည်းကင်ဆာဖြစ်နေကြောင်းကိုတွေ့ရှိရပြီး ၃ လကနေ ၆ လအထိသာ အသက်ရှင်မယ်လို့ ဆရာဝန်က မှတ်ချက်ပေး ခဲ့ပါတယ်။

လပိုင်းသာအသက်ရှင်ရတော့မယ့်အတွက် လွတ်ငြိမ်းသာခွင့်ပေးဖို့ မိသားစုဝင်တွေက ထောင်အာဏာပိုင်တွေကိုတောင်းဆိုခဲ့ပေမယ့် ထောင်ဒဏ် ၁၁ နှစ်ကျန်သေးတယ်ဆိုပြီး လွှတ်မပေးခဲ့ဘဲ လွတ်ငြိမ်းချမ်းသာခွင့်မှာ လွတ်လာခဲ့တာပါ။

ကိုဇော်လင်းထွန်းဟာ ၁၉၉၁ ခုနှစ်တုန်းကလည်း ကျောင်းသားသမဂ္ဂနဲ့ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ NCGUB ထောက်ခံတဲ့လှုပ်ရှားမှုတို့နဲ့ ဖမ်းဆီးခံရပြီး နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံခဲ့ရပါတယ်။ ထောင်ကနေ ပြန်လွတ်လာပြီးနောက်ပိုင်း ၂၀၀၃ ခုဇကာသ ပြန်လည်ဖွဲ့စည်းရေးလှုပ်ရှားမှုမှာ ပါဝင်တဲ့အတွက် ထပ်မံဖမ်းဆီးခံရပြီး ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခံခဲ့ရတာဖြစ်ပါတယ်။

---

## အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ခရီးစဉ်အပေါ် လွှတ်တော်အမတ်တွေ အကောင်းမြင် မျှော်လင့်

**RFA၊ နိုဝင်ဘာ ၂၉ ။** ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်ဟာ ဒီဇင်ဘာလ (၁) ရက်နေ့မှာ နေပြည်တော်ကို သွားရောက်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံမှာဖြစ်ပါတယ်။

ဟီလာရီကလင်တန်ခရီးစဉ်ကြောင့် ကမ္ဘာ့ဒီမိုကရေစီ အင်အားကြီးနိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြား ဆက်ဆံရေး ပြန်လည်ကောင်းမွန် တိုးတက်လာတဲ့ ခြေလှမ်းအဖြစ် လွှတ်တော်အမတ်တွေက ကြိုဆိုကြပါတယ်။

တဖက်မှာလည်း အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာအပေါ် ပိတ်ဆို့အရေးယူထားတာကို ရုပ်သိမ်းပေးအုံးမှာ မဟုတ်ဘူးလို့ ဟီလာရီ ကလင်တန်ကလည်း ပြောဆိုထားပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရဲ့ မြန်မာနိုင်ငံခရီးစဉ်ကြောင့် အမေရိကန် မြန်မာ ဆက်ဆံရေး အခြေအနေကောင်းတွေ အများကြီး ဖြစ်လာဖို့ မြန်မာလွှတ်တော်အမတ်တွေက မျှော်လင့်နေကြပါတယ်။

---

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံခရီးစဉ် တရုတ်အစိုးကိုသိသာစွာသတိပေးအချက်ပြသလိုဖြစ်

**RFA၊ နိုဝင်ဘာ ၂၉ ။** ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်ရဲ့ မြန်မာနိုင်ငံခရီးစဉ်ဟာ ကမ္ဘာ့အကြီးဆုံး စူပါပါဝါ အင်အားကြီးနိုင်ငံတစ်ခု မြန်မာနိုင်ငံကို ဝင်လာပြီဆိုတာ တရုတ်အစိုးရကို သိသိသာသာ အချက်ပြလိုက်တာလို့ နယူးယောက်အခြေစိုက် Asia Society က မနေ့က သတင်းထုတ်ပြန်ပါတယ်။

မြန်မာနိုင်ငံအပေါ် ၁၀ စုနှစ်အတန်ကြာ လွှမ်းမိုးထားတဲ့ တရုတ်အစိုးရအနေနဲ့ အမေရိကန်အစိုးရ အခုလို ဝင်ရောက်လာတာကို လိုလားမှာမဟုတ်ဘူးလို့ Asia Society အဖွဲ့ရဲ့ နိုင်ငံတကာ မူဝါဒရေးရာ ဒုတိယဥက္ကဋ္ဌ စူစန် ဒီမက်ဂီယို (Susan Digaggio) ကပြောပါတယ်။

နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်ရဲ့ခရီးစဉ်ဟာ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ အမေရိကန်အစိုးရ အလေးထားပါဝင်ဆောင်ရွက်လာတော့မယ်ဆိုတာ တရုတ်အစိုးရကို အသိပေးလိုက်တာပါ၊ သဘာဝသယံဇာတအရင်းအမြစ် ပေါများကြွယ်ဝတဲ့ မြန်မာနိုင်ငံကို အမေရိကန်အစိုးရက အထီးကျန်ဖြစ်အောင် စီးပွားရေးပိတ်ဆို့ရေးမူဝါဒ ချထားခဲ့တဲ့ကာလအတွင်း တရုတ်အစိုးရအနေနဲ့ မြန်မာနိုင်ငံမှာ စီးပွားရေးအကျိုးအမြတ်တွေ အလုံးအရင်းနဲ့ ချဲ့ထွင်ဆောင်ရွက်ခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ အဓိကကုန်သွယ်ဖက် နိုင်ငံဖြစ်လာတဲ့အပြင် အဓိက လက်နက်ရောင်းချတဲ့နိုင်ငံလည်း ဖြစ်လာခဲ့ပါတယ်။ အခုတော့ မြန်မာအစိုးရဟာ မြစ်ဆုံရေကာတာစီမံကိန်း ရပ်တန့်လိုက်မှုအပါအဝင် တရုတ်အစိုးရရဲ့ အကျိုးစီးပွားကိစ္စတွေနဲ့ ပတ်သက်လို့ ခေါင်းခါဖို့ အဆင့်သင့်ဖြစ်နေပြီလို့ Asia Society အဖွဲ့ရဲ့ နိုင်ငံတကာမူဝါဒရေးရာ ဒုတိယဥက္ကဋ္ဌ စူစန် ဒီမက်ဂီယို (Susan Digaggio) ကဆိုပါတယ်။

ဒါ့အပြင် အမေရိကန်အစိုးရက မြန်မာနိုင်ငံနဲ့ ဆက်ဆံရေး ပြန်လည်တည်ဆောက်မှုဟာ အာရှပစိဖိတ်ဒေသမှာ အမေရိကန်ရဲ့ ဦးဆောင်မှုကို ပြန်လည်ခိုင်မာအောင် အလေးထားဖော်ထုတ်တဲ့ မဟာဗျူဟာအစိတ်အပိုင်း တစ်ရပ်လို့လည်း Asia Society အဖွဲ့ရဲ့ ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။

# ကမ္ဘာ့ထိပ်တန်းခေါင်းဆောင် အမျိုးသမီးနှစ်ဦး ညစာ အတူစား

**VOA၊ ဒီဇင်ဘာ ၁ ။** ။ ဒီဇင်ဘာလ ၁ ရက်နေ့ ညဘက်မှာ ဝန်ကြီးကလင်တန်နဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ ညစာအတူစားခဲ့ကြပါတယ်။

ဒီနေ့ ဒီဇင်ဘာလ ၂ ရက်နေ့မှာတော့ ညဘက်မှာ ဝန်ကြီးကလင်တန်ဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံပြီးတော့ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့လည်း တွေ့ဆုံမှာဖြစ်ပါတယ်။ ဒီနေ့မှာပဲ ဝန်ကြီးကလင်တန်ဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ရဲ့ နေအိမ်ခြံဝန်းထဲမှာရော အမေရိကန်သံရုံးမှာပါ သတင်းမီဒီယာတွေနဲ့တွေ့ဆုံဖို့ရှိတယ်လို့သိရပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ဟာ နိုဝင်ဘာလ ၃၀ ရက်နေ့က မြန်မာအစိုးရရုံးစိုက်ရာ နေပြည်တော်ကို ရောက်လာပြီးတော့ ဒီဇင်ဘာလ ၁ ရက်နေ့တုန်းက မြန်မာသမ္မတ ဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရတာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတွေအပြင် လွှတ်တော်ကိုယ်စားလှယ်တချို့နဲ့ပါ တွေ့ဆုံခဲ့ပါတယ်။

အဲဒီနေ့ညနေပိုင်းမှာတော့ ရန်ကုန်မြို့က ရွှေတိဂုံစေတီတော်မြတ်ကြီးကို သွားရောက်ခဲ့ပါတယ်။

နိုင်ငံခြားရေးဝန်ကြီးကလင်တန်ရဲ့ခရီးစဉ်ကို နိုင်ငံတကာ သတင်းမီဒီယာတွေက အကျယ်တဝင့်ဖော်ပြကြပေမယ့် မြန်မာအစိုးရပိုင် ရုပ်မြင်သံကြားနဲ့ သတင်းမီဒီယာတွေကတော့ နောက်ပိုင်း သတင်းနဲ့ အတွင်းသတင်းစာမျက်နှာတွေမှာ မထင်မရှားဖော်ပြကြတာမျိုးရှိပါတယ်။ ပုဂ္ဂလိကပိုင်ဂျာနယ်တွေက ဒီသတင်းကို အကျယ်တဝင့်ရေးသားဖော်ပြခဲ့ပြီး အစိုးရပိုင်သတင်းတွေက မထင်မရှားရေးသားဖော်ပြတာကိုလည်း ဝေဖန်ထောက်ပြကြပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စဟီလာရီကလင်တန်ဟာ မြန်မာနိုင်ငံအနေနဲ့ လက်ရှိပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ဖို့ အမေရိကန်ပြည်ထောင်စုကပိတ်ဆို့အရေးယူမှု sacintion ကို ရုပ်သိမ်းဖို့ဆိုရင် လက်ရှိပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကိုပိုပြီးတိုးပြီးဆောင်ရွက်ဖို့ တိုက်တွန်းပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရဲ့ခရီးစဉ်မှာတိုင်းရင်းသားတွေအပေါ် အကြမ်းဖက်ပဋိပက္ခ အဆုံးသတ်ဖို့နဲ့ ကျန်နေတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့တောင်းဆိုပါတယ်။ မြောက်ကိုရီးယားနိုင်ငံနဲ့ စစ်ရေးအရ ဆက်သွယ်မှုတွေ အဆုံးသတ်ဖို့ နျူကလီယားလက်နက် ပြန့်ပွားမှုနဲ့ပတ်သက်ပြီး နိုင်ငံတကာ သ ဘောတူညီချက်တွေကို မြန်မာနိုင်ငံက လေးစားလိုက်နာဖို့ကိုလည်း နေပြည်တော်မှာ ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ နိုင်ငံခြားရေးဝန် ကြီးက တိုက်တွန်းပြောဆိုပါတယ်။

မြန်မာသမ္မတဦးသိန်းစိန်ကလည်း ဝန်ကြီးကလင်တန်ရဲ့ သမိုင်းဝင်ခရီးစဉ်ဟာ ၂ နိုင်ငံဆက်ဆံရေးမှာ အခန်းကဏ္ဍသစ် ဖွင့်လှစ်မှုကို ကိုယ်စားပြုတယ်လို့ ပြောဆိုပါတယ်။

# စစ်ရာဇဝတ်မှုတွေ ရပ်တန့်အောင် ဖျောင်းဖျဖို့ အဖွဲ့အစည်း ၁၂ ခုတိုက်တွန်း

**RFA ၊ နိုဝင်ဘာ ၂၈ ။** ။ အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဟီလာရီကလင်တန် မြန်မာနိုင်ငံကို ရောက်တဲ့အခါ မြန်မာ စစ်တပ်က Crime Against Humanity လူသားတွေကို ဆန့်ကျင်တဲ့ ရာဇဝတ်မှုတွေကျူးလွန်နေတာ ရပ်တန့်အောင် သမ္မတဦးသိန်းစိန်ကို တိုက်တွန်းဖို့ အမေရိကန်အခြေစိုက် လူ့အခွင့်အရေး အဖွဲ့ ၁၂ ဖွဲ့က ပူးတွဲ တောင်းဆိုလိုက်ပါတယ်။

မြန်မာအစိုးရတပ်၏ လိုက်လံတိုက်ခိုက် သတ်ဖြတ်ခြင်း၊ ရွာမီးရှို့ခြင်း၊ အဓမ္မပေါ်တာဆွဲ ခိုင်းစေခြင်း၊ ဖမ်းဆီးမုဒိမ်းကျင့်ခြင်းစသည့်လူ့အခွင့်အရေးချိုးဖောက် ရက်စက်မှုများကြောင့် တောတောင်များတွင် ထွက်ပြေးပုန်းရှောင်နေကြသည့် ကရင်ရွာသူရွာသားများဖြစ်ပါသည်။

လာမယ့် နိုဝင်ဘာ ၃၀ မှာ အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး မြန်မာနိုင်ငံကို သွားရောက်တဲ့ အခါ အမေရိကန် အစိုးရနဲ့ နိုင်ငံတကာက တောင်းဆိုထားတဲ့ အချက်တွေကို ပြည့်မီတဲ့ အထိ သမ္မတဦးသိန်းစိန် အစိုးရက အကောင်အထည် ဖော်ဖို့ တိုက်တွန်းပေးပါလို့ ဒီအဖွဲ့တွေက တောင်းဆိုထားပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့၊ နိုင်ငံတစ်ဝန်း အပစ်အခတ်ရပ်ဖို့၊ အစိုးရနဲ့ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားကိုယ်စားလှယ်တွေနဲ့ဆွေးနွေးဖို့၊ စစ်ဘေးဒုက္ခသည်တွေဆီကို နိုင်ငံတကာက လူသားချင်းစာနာမှု အကူအညီတွေ ရောက်နိုင်ဖို့ ဆိုတဲ့အချက်တွေပြောပေးဖို့ တိုက်တွန်းထားကြောင်း ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့ US Campaign for Burma အဖွဲ့ကြီးရဲ့ ညွှန်ကြားရေးမှူးဦးအောင်ဒင်က ပြောပြပါတယ်။

သမ္မတဦးသိန်းစိန်အနေနဲ့ မြန်မာစစ်တပ်ရဲ့ ပြုမူလုပ်ဆောင်မှုတွေကို ပြောင်းလဲလာအောင် အခုထိ မလုပ်ဆောင်သေးဘူးလို့ ဒီအဖွဲ့တွေက ပေးပို့တဲ့စာမှာရေးထားပါတယ်။

တိုင်းရင်းသားနယ်မြေတွေမှာ မြန်မာစစ်တပ်က လူ့အခွင့်အရေးတွေ ဆက်လက်ချိုးဖောက်နေကြောင်း၊ အမျိုးသမီးတွေကိုအဓမ္မပြုကျင့်မှု၊ လူသတ်မှု၊ ရွာဖျက်မှုစတဲ့ အမှုတွေကို စစ်တပ်က ဆက်လက်ကျူးလွန်နေပြီး ပြည်တွင်းဒုက္ခသည်တွေ အပါအဝင် စစ်ပြေးဒုက္ခသည်တွေလည်း တိုးလာနေဆဲပဲလို့ ရေးထားပါတယ်။

ဒ့ါအပြင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်တဲ့ အနေနဲ့ နိုင်ငံရေးလုပ်ရှားသူတွေကို ဖမ်းဆီး ညှဉ်းပမ်း နှိပ်စက်ခွင့် ပြုထားတဲ့ ဥပဒေတွေနဲ့ မူဝါဒတွေကို ပယ်ဖျက်ပစ်ဖို့ နိုင်ငံရေးလှုပ်ရှားသူတွေကို ဖမ်းဆီး နှိပ်စက်သူတွေ၊ သေဆုံးတဲ့အထိ ညှဉ်းပမ်းနှိပ်စက်သူတွေကို အရေးယူပေးဖို့၊ ဒ့ါအပြင် လွတ်လပ်စွာ ရေးသား ဖော်ပြခွင့် လွတ်လပ်စွာ စုဝေးခွင့်စတဲ့ အခွင့်အရေးတွေကို ရအောင် သမ္မတ ဦးသိန်းစိန် အနေနဲ့ လုပ်ဆောင်ပေးဖို့ တိုက်တွန်းထားပါတယ်။

ဒီတောင်းဆိုချက်တွေကို အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ဟီလာရီကလင်တန်ထံ စာရေးသား ပေးပို့ခဲ့တာ ဖြစ်ပြီး US Campaign for Burma အဖွဲ့နဲ့အတူ Freedom House, Open Society Foundations စတဲ့အဖွဲ့တွေပါဝင်သလို Brooking Institution က နိုင်ငံခြားရေး မူဝါဒဆိုင်ရာအကြီးအကဲတဦးလည်းပါဝင်လက်မှတ်ရေးထိုးပါတယ်။

## တရုတ်အကျိုးစီးပွား အထိခိုက် မခံနိုင်ကြောင်း သတိပေး

**VOA၊ နိုဝင်ဘာ ၃၀ ။** ။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး Hillary Clinton ကိုယ်တိုင် မြန်မာနိုင်ငံကိုသွားရောက်ဖို့ ရှိနေတဲ့အထိ မြန်မာအစိုးရက အနောက်နိုင်ငံတွေနဲ့နီးစပ်ဖို့ ကြိုးပမ်းနေတာကိုကြိုဆိုပေမဲ့ တရုတ်နိုင်ငံရဲ့ အကျိုးစီးပွားတွေကိုတော့ အထိခိုက်ခံနိုင်မှာ မဟုတ်တဲ့အကြောင်း တရုတ်အစိုးရပိုင်သတင်းစာရဲ့ ဆောင်းပါးတစောင်မှာ သတိပေး ရေးသားထားပါတယ်။

နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတဦး မြန်မာနိုင်ငံသွားမယ့်ခရီးစဉ်ဟာ သံတမန်မဟာမိတ်ဆက်ဆံရေးတွေမှာ တရုတ်နိုင်ငံထက် အမေရိကန်နဲ့ ပိုမိုနီးစပ်မှုရှိလာစေရေး ကြိုးပမ်းမှုအဖြစ် ပြောဆိုချက်တွေလည်း ရှိလာနေတယ်လို့ တရုတ်အစိုးရပိုင် Global Times သတင်းစာမှာ ဒီကနေ့ ပဲရေးသားလိုက်တာပါ။ ဒါပေမဲ့လည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ Hong Lei ကတော့ အနောက်နိုင်ငံတွေနဲ့ မြန်မာနိုင်ငံကြား ဆက်ဆံရေးတွေဟာ တိုးတက်ဖို့လိုအပ်သလို မြန်မာနိုင်ငံတည်ငြိမ်ရေးနဲ့ဖွံ့ဖြိုးမှုတွေအတွက် အထောက်အကူဖြစ်စေလိမ့်မယ်လို့မျှော်လင့်ကြောင်းလည်း ဒီကနေ့ သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုခဲ့တာပါ။

မြန်မာအစိုးရရဲ့ အဓိကမဟာမိတ်အဖြစ် အများက မြင်နေကြတဲ့ တရုတ်နိုင်ငံရဲ့ခေါင်းဆောင်အဖြစ် တက်လာမယ့်သူလို့ အများကခန့်မှန်းနေကြတဲ့ လက်ရှိ ဒုသမ္မတ Xi Jinping နဲ့ မြန်မာကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့ ဒီတပတ်အစောပိုင်း တရုတ်နိုင်ငံမှာတွေ့ဆုံရာမှာတော့ စစ်ရေးဆိုင်ရာ ဆက်ဆံရေးတွေ တိုးမြှင့်ဖို့ တရုတ်အစိုးရဘက်က ကမ်းလှမ်းခဲ့ပါတယ်။

ဒေသတွင်းမှာ တရုတ်နိုင်ငံရဲ့ သံတမန်ရေးသြဇာ ကြီးထွားလာနေတာကို တန်ပြန်သွားနိုင်ဖို့ အမေရိကန်ကကြိုးပမ်းနေတယ်လို့ အများကခန့်မှန်းနေပေမဲ့လည်း အမေရိကန်အစိုးရအနေနဲ့ တရုတ်နိုင်ငံဟာလည်း မဟာမိတ်တိုင်းပြည်တခုဖြစ်တာကြောင့် ဒီလိုရည်ရွယ်ချက်မျိုးမရှိတဲ့အကြောင်း ဝန်ကြီးကလင်တန်ခရီးစဉ်မစမီ မနေ့တုန်းကပဲ ပြောဆိုခဲ့တာဖြစ်ပါတယ်။

## ကမ္ဘာ့ထိပ်တန်း အတွေးအခေါ် ပညာရှင်အဖြစ်

### ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကိုရွေးချယ်

**RFA၊ နိုဝင်ဘာ ၃၀ ။** ။ အမေရိကန်ပြည်ထောင်စုမှာ ထုတ်ဝေတဲ့ Foreign Policy မဂ္ဂဇင်းကြီးက ၂၀၁၁ ကမ္ဘာ့ထိပ်တန်း အတွေးအခေါ် ပညာရှင် ၁၀၀ ကို စစ်တမ်း ကောက်ယူရာမှာ မြန်မာနိုင်ငံမှ ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် အမှတ်စဉ် ၃၁ မှာ ရွေးချယ်ဖော်ပြခံရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်ပြီး Foreign Policy မဂ္ဂဇင်းက "အကယ်၍ မြန်မာနိုင်ငံ စစ်အာဏာရှင် ထမ်းပိုးအောက်က နောက်ဆုံး ရုန်းထွက်နိုင်ခဲ့တယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးကျွမ်းကျင်မှုက အဓိက အခန်းကဏ္ဍကနေ ပါဝင်နေလိမ့်မည်" လို့ ရေးသား ဖေါ်ပြထားပါတယ်။ အခုနှစ် ကမ္ဘာ့ထိပ်တန်း အတွေးအခေါ် ပညာရှင်အဖြစ် နံပါတ် ၁ နေရာ ရွေးချယ်ခံရသူကတော့ အီဂျစ်နိုင်ငံသား သွားဆရာဝန်ကနေ ကမ္ဘာကျော်စာရေးဆရာဖြစ်လာသူ အာလာ အယ်လ် အက်စ်ဝါနီ (Ala a Al Aswany) ပါ။

၂၀၀၂ ခုမှာထုတ်ဝေတဲ့ သူ့စာအုပ် The Yacoubian Building ဟာ ကိုလိုနီသံခြေချင်း အဖြုတ်ခံရပြီးနောက် အီဂျစ်ရဲ့ လူမှုရေးနဲ့ ယဉ်ကျေးမှု တစ်စတစ်စ ယိုယွင်းလာခဲ့ပုံကို ထူးခြားစွာတင်ပြထားတဲ့ စာအုပ်ဖြစ်ပါတယ်။

## ဟောလာရီအတွက် နေ့လည်စာ

**Mizzima ၊ နိုဝင်ဘာ ၃၀ ။** ။ နေပြည်တော်သို့ ဗုဒ္ဓဟူးနေ့ညနေပိုင်းက ရောက်ရှိလာသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန် ခရီးစဉ်၏ ဒုတိယမြောက်နေ့သမ္မတ အိမ်တော်တွင်တည်ခင်းဧည့်ခံမည့်နေ့လည်စာအစားအသောက်များကိုဖေါ်ပြလိုက်သည်။

တရုတ်အစားအစာအများစုဖြစ်သော "ဂဏန်းကြွပ်ကြော်၊ကြက်တောင်ပံအစာသွပ်ကြော်၊ ငါးရှဥ့်ကြော်၊ ပြောင်းဖူးဟင်းချို၊ ထိုင်ဝမ် မုန့်ညှင်းခရုဆီ၊ ကျောက်ငါးပေါင်းနှင့် ပဲငံပြာရည်၊ ပင်လယ်ခရုနှင့် ခရုဆီ၊ ဂျပန်တို့ဟူး ကညွတ်နှင့် မဟူရာမှိုနက်၊ ပင်လယ်စာနှင့် ခေါက်ဆွဲကြော်၊ ကြက်ဥပဲသီးထမင်းကြော်၊ ရာသီပေါ်သီးစုံ၊ လက်ဖက် ရည်နှင့်ကော်ဖီ" တို့ ဖြစ်သည်။

အထူးလေယာဉ်ဖြင့် ရောက်လာသော ဝန်ကြီးကလင်တန်အတွက် အစားအသောက်များကို ဒေင်စီးပွားရေးအုပ်စုပိုင်ရှင် ဦးချစ်ခိုင် ပိုင်ဆိုင်သော သင်္ဂဟဟိုတယ်မှ ချက်ပြုတ်ခြင်းဖြစ်ပြီး သမ္မတအိမ်တော်တွင် တည်ခင်းဧည့်ခံမှာဖြစ်သည်ဟု သတင်းရပ်ကွက်များက ပြောသည်။ သင်္ဂဟဟိုတည်သည် နေပြည်တော်ဟိုတည်ဇုန်အတွင်းတည်ရှိသည်။ အဆိုပါအစားအသာက်များကိုစီစဉ်ရန်အတွက် သင်္ဂဟဟိုတယ်စားသောက်စီမံရာဌာနသို့ နေပြည်တော် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန FDA ကကြိုတင်စစ်ဆေးမှုများပြုလုပ်ခဲ့သည်။

United States of America စာတန်းကပ်ထားသော အထူးလေယာဉ်ဖြင့်လိုက်ပါလာသည့်မစ္စကလင်တန်နှင့်အတူလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကင်းဘဲလ်နှင့် မိုက်ကယ်ပေါ့စနာတို့လည်း လိုက်ပါလာရာ မြန်မာ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာမျိုးမြင့်က ကြိုဆိုနှုတ်ဆက်ခဲ့သည်။

မစ္စကလင်တန်သည်ကြာသပတေးနေ့မှာမြန်မာသမတဦးသိန်းစိန်နှင့် တွေ့ဆုံမှာဖြစ်သလို အထက် အောက်လွှတ်တော်များကဥက္ကဋ္ဌများဖြစ်တဲ့ ဦးသူရရွှေမန်း၊ ဦးခင်အောင်မြင့်တို့နှင့်တွေ့ဆုံမှာဖြစ်သည်။

## ဝန်ကြီးခရီးစဉ်မှ ပြုပြင်ပြောင်းလဲရေး ပိုဒေါ်စုမျှော်လင့်

**RFA၊ နိုဝင်ဘာ ၃၀ ။** ။ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်ရဲ့ခရီးစဉ်အတွင်း မြန်မာအစိုးရခေါင်းဆောင်တွေနဲ့ အရေးကြီးတဲ့အကြောင်းတွေဆွေးနွေးကြပြီး နားလည်မှုရရှိကာ ပြုပြင်ပြောင်းလဲမှုတွေ အရှိန်အဟုန်ပိုရလာလိမ့်မယ်လို့ မျှော်လင့်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမှာပြုလုပ်တဲ့ Council of Foreign Relations နိုင်ငံခြားရေးမူဝါဒ ပညာရှင်များ စည်းဝေးပွဲအတွင်း ဗီဒီယိုကတစ်ဆင့် ဒေါ်အောင်ဆန်းစုကြည်က မိမိအနေနဲ့ တွေ့ဆုံဆွေးနွေးမှုကို ယုံကြည်လက်ခံသူဖြစ်တဲ့အတွက် အမေရိကန်အစိုးရနဲ့မြန်မာအစိုးရတို့ အခုလို ဆွေးနွေးကြတာကို ဝမ်းမြောက်ဝမ်းသာလက်ခံကြောင်း မနေ့က ပြောသွားပါတယ်။

အစိုးရအရာရှိတွေ၊ အသိပညာရှင်တွေ၊ စာနယ်ဇင်းသမားတွေ အပါအဝင် စုစုပေါင်း ပရိသတ် ၂၀၀ ကျော်ခန့်တက်ရောက်ကြတဲ့ အဲဒီစည်းဝေးပွဲမှာ တက်ရောက်လာသူများက မြန်မာနိုင်ငံ အခြေအနေအရပ်ရပ်နဲ့ပတ်သက်လို့ မေးမြန်းကြတာတွေကိုလည်း ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ဖြေကြားသွားပါတယ်။

# ဝန်ကြီးကလင်တန် ခရီးစဉ်အတွက် လုံခြုံရေး ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်

**Mizzima ၊ နိုဝင်ဘာ ၂၉ ။** ။ မြန်မာနိုင်ငံသို့ လာရောက်မည့် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ ခရီးစဉ်အတွက်လုံခြုံရေး ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့ကြသည်။ သူ၏ခရီးစဉ်အတွင်း လူမှုအခြေပြုအဖွဲ့များနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြား ရေးဝန်ကြီးဌာနက တရားဝင် ထုတ်ပြန်ထားပြီး တွေ့ဆုံခံရ ဖွယ်ရှိသည့် လူမှုအခြေပြုအဖွဲ့အစည်းများ၏ အဆောက်အဦးများ၊ဘေးပတ်ဝန်း ကျင်များအား လွန်ခဲ့သည့် တပတ်ခန့်မှပင် စတင်၍ စစ်ဆေးမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

"သူတို့အိမ်ကိုလာပြီးစစ်ဆေးသွားတယ်။ စစ်ဆေးတယ်ဆိုတာ လုံခြုံရေး စစ်ဆေးမှုလာကြည့်တယ်။ ဘယ်လိုကြောင့်လဲဆိုတော့ ကျမတို့က ရပ်ကွက်ထဲဖြစ်နေတယ်လေ။ လူနေအိမ်ခြေနဲ့လည်း နီးတယ်။ နောက်တခုက သူတို့ဒီမှာက လုံခြုံရေးတောင်မှ သူတို့လူနဲ့သူတို့လာကြမှာ။"ဟု စစ်ဆေးခံခဲ့ရသည့် တောင်ဒဂုံမြို့နယ်ရှိ HIV/AIDS ဝေဒနာရှင်များစောင့်ရှောက်ရေးဂေဟာ တာဝန်ခံမဖြူဖြူသင်းက မဇ္ဈိမကိုပြောသည်။ စစ်ဆေးရာတွင် ရန်ကုန်အခြေစိုက် အမေရိကန်သံရုံးဝန်ထမ်းများအပြင် ကန်နိုင်ငံခြားရေးဝန်ကြီး၏ လုံခြုံရေးတာဝန်ယူထားသူများလည်း ပါဝင်ကာ အနီးပတ်ဝန်းကျင်အားလုံးကိုလည်း ဓာတ်ပုံရိုက်ယူသွားသည်ဟု သိရသည်။

မစ္စစ်ဟီလာရီကလင်တန်မှာ နှစ် ၅၀ ကျော်အတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်သည့် ကန်နိုင်ငံခြားရေးဝန်ကြီးဖြစ်ပြီး ၁၉၅၅ နှစ်က ကန်နိုင်ငံရေးဝန်ကြီး John Foster Dulles နောက်ဆုံးအကြိမ်လာရောက်ခဲ့ဖူးသည်။ သူမ၏မြန်မာပြည်ခရီးစဉ်မှာနိုဝင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၂ ရက်နေ့အထိ ကြာမြင့်မည် ဖြစ်သည်။

"သူတို့ရှေ့ပြေးအဖွဲ့ကတော့ ပြီးခဲ့တဲ့အပတ်ကလာတယ်။ ဟီလာရီကလင်တန်ရဲ့အဖွဲ့ပဲ။ သံရုံးအဖွဲ့ကနေလာတာ။ သူလာရင်အဆင်ပြေအောင်ဆိုပြီး လေ့လာတာပေါ့။ ဒီမှာတော့ ဓာတ်ပုံတော့နည်းနည်းရိုက်တယ်။ဓာတ်ပုံရိုက်ပြီးတော့ နည်းနည်းပါးပါးလိုက်ပြရတာပေါ့။" ဟု နာရေးကူညီမှုအသင်း ဥက္ကဋ္ဌဦးကျော်သူက ပြန်ပြောပြသည်။

ယင်းကဲ့သို့ စစ်ဆေးပြီးနောက် လာရောက်မည်၊ မလာရောက်မည်ကိုမူ ပြန်လည်အကြောင်းကြားမည်ဟု သံရုံးတာဝန်ရှိသူများက ပြောကြားခဲ့သော်လည်း ယခုအချိန်ထိ ဆက်သွယ်မှုမရှိသေးဟု သိရသည်။ မစ္စစ်ကလင်တန်၏ ခရီးစဉ်အတွင်း နေပြည်တော်မှတဆင့် ရန်ကုန်သို့လာရောက်ရာ၌ရန်ကုန်မြို့နက်မောက်လမ်းရှိချက်ထရီယမ်ဟိုတယ်တွင် တည်းခိုမည်ဟု သိရပြီး ဟိုတယ်ပြင်ပတွင်လည်း မြန်မာအာဏာပိုင်များဘက်မှ လုံခြုံရေး ချထားမှုများရှိနေသည်။

"အစိုးရပိုင်းက လုံခြုံရေးအဖွဲ့တွေကတော့ ရှိတာတော့ သိတယ်။ ကိုယ်က အာဏာပိုင်အဖွဲ့အစည်း မဟုတ်တော့ ကွန်ဖမ်းတော့ မလုပ်ပေးနိုင်ဘူးဖြစ်နေတာ။ အပြင်စည်း ဘာစည်းကျတော့ အဲဒီလို နေတာတော့ရှိတယ်။" ဟု ယင်းဟိုတယ်ဝန်ထမ်းတဦးက လုံခြုံရေးယူထားမှုနှင့်ပတ်သက်၍ ပြောပြသည်။

ယခုကဲ့သို့ လုံခြုံရေးယူထားခြင်းမှာ ဟိုတယ်အတွက် ယူခြင်းဖြစ်နိုင်သည့်အပြင် ဟိုတယ်နံဘေးတွင်ရှိသည့် ကုလသမဂ္ဂဆိုင်ရာ ရန်ကုန်ရုံးအတွက် ယူထားခြင်းလည်းဖြစ်နိုင်ကြောင်း သူကခန့်မှန်းသည်။ ယင်းချက်ထရီယမ်ဟိုတယ်မှာ နိုင်ငံတကာအဖွဲ့အစည်းမှပုဂ္ဂိုလ် များ လာရောက်တည်းခိုလေ့ရှိသည်။

သူမ၏ခရီးစဉ်အတွင်း နေပြည်တော်၌ သမ္မတအပါအဝင် လွှတ်တော်ဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်များနှင့်လည်းတွေ့ဆုံမည် ဖြစ်သော်လည်း လွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ကြားရာတွင်မူ နိုင်ငံခြားဧည့်သည်တော်တဦးအား တွေ့ဆုံရန်ရှိသည်ဟုသာ ဖိတ်ကြားထားသည် ဟု သိရသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နေပြည်တော်၌ တွေ့ဆုံရမည်ဖြစ်ကာ အစီအစဉ် အသေးစိတ်ကို အာဏာပိုင်များက အသိပေးခြင်းမရှိ သေးပေ။

"အခု ကျနော်တို့ကိုပေးတဲ့ ဖိတ်စာထဲမှာတောင် ဘာမှမပြောသေးပါဘူး။ နိုင်ငံခြားဧည့်သည်လို့ပဲ ပြောပါတယ်။ ဘယ်သူ ဘယ်ဝါလို့တောင်မှ ကျနော်တို့ကိုမပြောသေးဘူး" ဟု အမျိုးသားဒီမိုကရေစီသစ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ဆိုသည်။

တွေ့ဆုံခွင့်ရမည့် ကိုယ်စားလှယ်များအနေဖြင့်လည်း နိုဝင်ဘာလ ၃၀ ရက်နေ့တွင် နေပြည်တော်သို့ ရောက်ရှိပြီးဖြစ်ကြောင်း လွှတ်တော်သို့ အကြောင်းကြားရမည်ဖြစ်ကာ၊ ယင်းနောက်မှသာ မည်သို့စီစဉ်ထားသည်ကို သိရမည်ဖြစ်သည်။ ယင်းအပြင် ကန်နိုင်ငံခြားရေးဝန်ကြီး၏ခရီးစဉ်အတွင်း သတင်းရယူလိုသည့် သတင်းထောက်များစာရင်းကိုလည်း ရန်ကုန်အခြေစိုက် အမေရိကန်သံရုံးမှ ကောက်ယူထားရန်နှင့်လိုအပ်ပါက စစ်ဆေးမည်ဖြစ်ကြောင်းလည်း အာဏာပိုင်များက ညွှန်ကြားထားကြောင်းလည်း သိရသည်။

မည်သည့်အတွက်ကြောင့် ကောက်ခံခြင်းဟု တိတိပပ မသိရသေးသော်လည်း သတင်းယူလိုသည့် သတင်းထောက် များ၏ကိုယ်ရေးအချက်အလက်များကို ကောက်ယူထားပြီးဖြစ်သည်ဟု သံရုံးနှင့်နီးစပ်သည့် အသိုင်းအဝန်းထံမှ သိရသည်။ မစ္စစ်ကလင်တန်မှာ ဒီဇင်ဘာလ ၂ ရက်နေ့တွင်လည်း လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ နေအိမ်တွင် တွေ့ဆုံမည်ဖြစ်ကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ယခင် နိုင်ငံတကာ ကိုယ်စားလှယ်များ လာရောက်စဉ်ကနည်းတူ လုံခြုံရေးယူထားသည်ဟု သိရသည်။

သို့သော်အမေရိကန်ဘက်မှလည်း သီးခြားလုံခြုံရေးယူဦးမည်ဖြစ်ကာ မည်သို့မည်ပုံ လုပ်ဆောင်မည်ကိုမူ "နေအိမ် ခြံထဲမှာလုပ်တာကတော့ ကျနော်တို့ရဲ့ ပုံမှန်လုံခြုံရေးပါပဲ။ တဖက်က ဘယ်လိုလုံခြုံ ရေး အစီအမံတွေ လာလုပ်မယ် ဆိုတာကိုတော့ ကျနော်တို့ မသိပါဘူး။" ဟု NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။

ကန်နိုင်ငံခြားရေးဝန်ကြီး၏ ခရီးစဉ်အတွင်း တိုက်ရိုက်ထိတွေ့မှုပေါ်လစီကို အလေးအနက်ထား ဆောင်ရွက်သွားမည်ဖြစ်ပြီး အဓိကကျသည့် ပြုပြင်ပြောင်းလဲမှုများ ဆက်လုပ်ဆောင်ရာတွင် အမေရိကန် အနေဖြင့် ပါဝင်နိုင်မယ့်ကဏ္ဍရပ်များကို ဆွေးနွေးသွားမည်ဟုကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။

ခရီးစဉ်အတွင်း ကောင်စစ်ဝန် Cheryl Mills, လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကတ်ကမ်းဘဲလ်၊ မိုက်ကယ်ပေါ့စနာ၊ အထူးကိုယ်စားလှယ်နှင့် မူဝါဒညှိနှိုင်းရေးမှူးဒဲရစ် မစ်ချဲလ်အပါအဝင် မူဝါဒချမှတ်ရေးဒါရိုက်တာ Jake Sullivan တို့လည်း ပါဝင်မည်ဖြစ်သည်။

# အောက်လွှတ်တော်အမတ်တချို့ ကလင်တန်ခရီးစဉ်အပေါ် သတိပေး

**VOA ၊ နိုဝင်ဘာ ၂၉ ။** ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ရဲ့ မြန်မာနိုင်ငံခရီးစဉ်ဟာ မြန်မာအစိုးရရဲ့ ဟန်ပြ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ချက်တွေကို ထောက်ခံသလိုဖြစ်သွားမှာစိုးရိမ်ရကြောင်း အမေရိကန်အောက်လွှတ်တော်ကော်မတီ ဥက္ကဋ္ဌက ပြောကြားသွားခဲ့ပါတယ်။ ပြုပြင်ပြောင်းလဲမှုတွေ လုပ်လာပြီဆိုတဲ့ မြန်မာအစိုးရက လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုစနစ်တကျကျူးလွန်နေတာတွေ၊ အွန္တရာယ်ကြီးလှတဲ့လက်နက်တွေ ပြန့်ပွားအောင် ဆက်ပြီးလုပ်နေတာတွေ တွေ့နေရတယ်လို့ အမေရိကန်လွှတ်တော်အမတ်တွေက ပြောနေကြတာပါ။ အပြည့်အစုံကိုမအေးသန္တာကျော်က တင်ပြပေးထားပါတယ်။

နှစ်ပေါင်း ၅၀ ကျော် ကာလအတွင်းမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတဦးရဲ့ မြန်မာနိုင်ငံခရီးစဉ်ဖြစ်တဲ့ မစ္စစ်ကလင်တန်ရဲ့ မြန်မာနိုင်ငံ ၂ ရက်တာ ခရီးစဉ်နဲ့ပတ်သက်ပြီးတော့ အမေရိကန်အောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ အလီယာနာရော့စ် လစ်တီနန် Ileana Ros-Lehtinen က စိုးရိမ်ကြောင်း ထုတ်ဖော်ပြောကြားသွားပါတယ်။

နိုင်ငံရေးအကျဉ်းသားတချို့လွှတ်ပေးတာ၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံရေးလမ်းကြောင်းပေါ်မှာ ပြန်ပြီးတော့ ခြေချခွင့်ရတာတွေဟာ ပြည့်စုံပြီလို့ ပြောလို့မရပေမယ့်လည်း ဒီတိုးတက်ဖြစ်ပေါ်မှုတွေကို ထောက်ခံပါတယ်လို့ Ileana Ros-Lehtinen က ဆိုပါတယ်။နိုင်ငံခြား ရေးဝန်ကြီးကလင်တန်ရဲ့ မြန်မာပြည်ခရီးစဉ်က သမ္မတအိုဘားမား တလောကပဲပြောသွားသလို မြန်မာအစိုးရရဲ့ ပြုပြင်ပြောင်းလဲမှုတွေဟာ အမေရိကန်တို့ဘက်က ထိတွေ့ဆက်ဆံမှုလုပ်ဆောင်ဖို့လုံလောက်တဲ့ သဘောမျိုး ဖြစ်သွားမှာကိုစိုးရိမ်မိကြောင်း မစ္စစ်ရော့စ်လစ်တီနန်ကပဲ ပြောပါတယ်။

မြန်မာနိုင်ငံမှာ လိုအပ်တဲ့ နိုင်ငံရေးအပြောင်းအလဲတွေ ရရှိဖို့ကို ကွယ်လွန်သူ နိုင်ငံခြားရေးရာ ကော်မတီဥက္ကဋ္ဌဟောင်း တွမ်လန်းတို့စ် လုပ်ဆောင်ခဲ့တဲ့ တင်းကျပ်တဲ့ အရေးယူပိတ်ဆို့မှုမျိုးတွေ ဆက်ပြီးတော့ ဆောင်ရွက်ရပါမယ်လို့လည်း ဆိုပါတယ်။

တဆက်တည်းမှာပဲ အမေရိကန်အောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီရဲ့အကြမ်းဖက်မှု၊ နျူကလီယားလက်နက် မပြန့်ပွားရေးနဲ့ ကုန်သွယ်ရေး အာရှကော်မတီခွဲရဲ့ဥက္ကဋ္ဌ အက်တ်၊ ရွိုက်စ် Ed Royce ကလည်း မြန်မာအစိုးရရဲ့ ပြုပြင်ပြောင်းလဲရေးတွေနဲ့ပတ်သက်ပြီးတော့ တနင်္လာနေ့ကပဲ မေးခွန်းထုတ်သွားတာပါ။

လွန်ခဲ့တဲ့ ၃ နှစ်က မုန်တိုင်းဒဏ်သင့် ပြည်သူတွေအတွက်နိုင်ငံတကာအကူအညီတွေလက်မခံတဲ့ မြန်မာအစိုးရဟာ ၃ နှစ်ကြာလာတဲ့အခါမှာ ဘယ်လောက်တောင်မှ အပြောင်းအလဲတွေကို လုပ်ဆောင်နိုင်မလဲ၊ စဉ်းစားမိပါတယ်လို့ သူကဆိုပါတယ်။

မြန်မာခေါင်းဆောင်တွေ တကယ့်လက်တွေ့ ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ဆောင်တာ အသေအချာတွေ့ရမှုဖြစ်မှာပါ။ နိုင်ငံခြားရေးဝန်ကြီးကလင်တန်အနေနဲ့ မြန်မာဟာ တကယ်ပဲဒီမိုကရေစီနည်းကျနိုင်ငံရေးစနစ်နဲ့ ပြောင်းလဲမလားဆိုတာ သေချာစုံစမ်းရပါမယ်။ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးတာ၊ အခြေခံလူ့အခွင့်အရေးကို အကာအကွယ်ပေးတာတွေ ဖြစ်မဖြစ်ဆိုတာ သေချာစစ်ဆေးဖို့ တာဝန်ရှိပါတယ်လို့ အောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီခွဲရဲ့ ဥက္ကဋ္ဌ အက်တ်ရွိုက်စ် Ed Royce က ပြောသွား ပါတယ်။

Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: mgthuka@gmail.com
koko@gol.com

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**